ထိုအခါ ယေရှုကြွလာ၍ ခေါ်တော်မူ၏

ရှင်ယောဟန်ခရစ်ဝင် အခန်း ကြီး (၁၁) အပိုဒ် (၁၈) မှစ၍ ဖတ်လိုပါတယ်။

မေသနိရွာသည် ယေရှုရှလင်မြို့နှင့် တတိုင်လောက်သာကွာဝေးသည်ဖြစ်၍၊

မာသနှင့်မာရိတို့၏မောင်သေသောကြောင့်၊ သူတို့ကို နှစ်သိမ့်စေလိုသောငှါ ယုဒလူများတို့သည် လာ ကြ၏။

ယေရှုကြွလာတော်မူကြောင်းကို မာသသည်ကြားလျှင်၊ ကိုယ်တော်ကို ခရီးဦးကြိုပြုခြင်းငှါသွား၏။ မာရိမူကားအိမ်၌ ထိုင်လျက်နေရစ်၏။

မာသက၊ သခင်၊ ကိုယ်တော်ရှိတော်မူလျှင် ကျွန်မ၏မောင် မသေပါ။

ယခု သေလျက်ရှိသော်လည်း ကိုယ်တော်သည် ဘုရားသခင်ကို ဆုတောင်းတော်မူသမျှအတိုင်း ဘုရား သခင်ပေးတော်မူမည်ကို ကျွန်မသိပါသည်ဟုလျှောက်၏။

ယေရှုကလည်း၊ သင်၏မောင်သည် ထမြောက်လိမ့်မည်ဟု မိန့်တော်မူ၏။

မာသကလည်း၊ နောက်ဆုံးသောနေ့တည်းဟူသော ထမြောက်ရာကာလ၌ သူသည် ထမြောက် လိမ့် မည်ကို ကျွန်မသိပါသည်ဟုလျှောက်၏။

ယေရှုကလည်း၊ ငါသည် ထမြောက်ခြင်းအကြောင်း၊ အသက်ရှင်

ခြင်းအကြောင်းဖြစ်၏။ ငါ့ကို ယုံကြည် သောသူသည် သေလွန်သော်လည်း ရှင်လိမ့်မည်။

ငါ့ကိုယုံကြည်၍ အသက်ရှင်သောသူရှိသမျှတို့သည်လည်း သေခြင်းနှင့် အစဉ်မပြတ်ကင်းလွတ်လိမ့် မည်။ ငါ့စကားကိုယုံသလော ဟု မေးတော်မူလျှင်၊

မာသက၊ ဟုတ်ပါ၏သခင်။ ကိုယ်တော်သည် ခရစ်တော်တည်း ဟူသော ဘုရားသခင်၏သားတော် ဖြစ်တော်မူသည်ကို၊ကျွန်မယုံပါသည်ဟု လျှောက်၏။ ဤလောကသို့ကြွလာမည့်အရှင် ဖြစ်တော်မူသောကြောင့် ဖြစ်ပါသည်။ (ဒါကို သတိထားကြည့်ပါ!)

ထိုသို့ ရှောက်ပြီးမှမာသသည်သွား၍ မိမိညီမ မာရိအား၊ တိတ်ဆိတ်စွာခေါ်လေ၏။ အရှင်ဘုရားရောက်လာတော်မူပြီ။ သင့်ကို ခေါ်တော်မူသည် ဟုဆို၏။

2 ဆုတောင်းကြပါစို့။ ကောင်းကင်ဘုံရှိသော အဘခမည်းတော်၊ ယခု ကျွန်ုပ်တို့သည် ကိုယ်တော်ကို စောင့်မျှော်နေစဉ်၊ ယနေ့ညဥ့် ထိုနှုတ်ကပတ်တော်တို့ကို ကျွန်ုပ်တို့၏ နှလုံးသားများအတွင်း အတည်ပြုပေးတော်မူပါ။ ကိုယ်တော်၏ နှုတ်ကပတ်တော်၊ ကိုယ်တော်၏ အစေခံ၊ ထိုစာသားအားလုံးကို ယေရှု ခရစ်တော်၏ နာမတော်အားဖြင့် ကိုယ်တော်ထံ အပ်နှံပါသည်။ အာမင်။

ထိုင်လို့ရပါပြီ။

3 ကျွန်တော်ဒီမှာရှိနေရတဲ့ ရည်ရွယ်ချက်က ဘုရားသခင်ရဲ့လူတွေကို ကူညီဖို့ပါ။ ဖျားနာသူများအတွက် ဆုတောင်းခြင်းနှင့်သူတို့အပေါ်၊ လက်တင်ပေးခြင်းကိုသာ အဓိကထားခြင်းမဟုတ်ဘဲ၊ ဘုရားသခင်၏သားတော် ဖြစ်တော်မူသော ယေရှုခရစ်တော်သည် ကျွန်ုပ်တို့အလယ်၌ရှိတော်မူကြောင်းကို၊ သူတို့သိမြင်ပြီး အသိအမှတ်ပြုနိုင်ကြရန် ဖြစ်ပါသည်။ ယနေ့ညကျွန်တော်တို့၊ "ထိုအခါ ယေရှုကြွလာ၍ ခေါ်တော်မူ၏။" ဆိုတဲ့ခေါင်းစဉ်ကို ပြောကြားသွားမှာဖြစ်တယ်။

4 ယခု ကျွန်တော်တို့ ပြောနေတဲ့ အချိန်သည်၊ အရမ်းဝမ်းနည်းစရာအချိန်
တစ်ခုဖြစ်ခဲ့ပါတယ်။ ယေရှုခရစ်တော် ဘဝအကြောင်းကို ဖတ်ရှုကြည့်ရပါက၊
ယေရှုသည် လာဇာရုဟုခေါ်သောလူငယ်ကို အလွန်နှီးကပ်၍ ချစ်တော်မူသော
မိတ်ဆွေတစ်ဦးဖြစ်ခဲ့သည်ကို တွေ့ရှိပါလိမ့်မယ်။ က...ယောသပ် မရှိတော့သည်
နောက်၊ သို့မဟုတ် ထိုအချိန်မှစ၍ မာသ၊ မာရိနှင့် လာဇရုတို့နှင့်အတူ နေထိုင်
ရန် လာခဲ့တာပါ။ ပြီးတော့ သူတို့က သူငယ်ချင်းကောင်းတွေပါ။...သူဟာ သူ
တို့အတွက် သင်းအုပ်ဆရာတစ်ယောက်လို၊ တစ်ကယ် ချစ်တဲ့ မိတ်ဆွေတစ်
ယောက်လိုပါ။ ပြီးတော့ သူ့အတွက် ဝတ်ဆင်ရန် အဝတ်အစားသေးငယ်လေး
တွေကိုလည်းပြင်ဆင်ပေးကြတယ် လို့ဆိုကြပါတယ်၊ ထိုအကျီသည် ချုပ်ရိုးမရှိ
ဘဲ တစ်ဆက်တည်းဖြင့် ယက်လုပ်ထားတယ်လို့ ယုံကြည်ကြတယ်။ အဲဒီနောက်
သူတို့သည် ကိုယ်တော်ကို ယုံကြည်သောကြောင့် ကိုယ်တော်အတွက် အမှုများ
ကို လုပ်ဆောင်ခဲ့ကြတယ်။ သူတို့...သူတို့သည် ယုံကြည်ခြင်းသာမက ထိုအရာ
တွေကိုလည်း ကိုယ်တိုင်မြင်တွေ့ခဲ့ကြတယ်။ သူတို့က ဘုရားကျောင်းနှင့်အခြား
အရာများကို စွန့်ပစ်ပြီး ကိုယ်တော်၏ နောက်ကို လိုက်ခဲ့ကြသည်။ အဲဒီချိန်က
အဲဒီလိုလုပ်ခြင်းဟာ အလွန်ကြီးမားတဲ့အရာဖြစ်ပြီး၊ ထိုအရာမှ ဝေးကွာသွားရင်
ပင် အသက်ဆုံးရှုံးအထိ ဖြစ်နိုင်တဲ့ အရာလည်း ဖြစ်နိုင်ခဲ့ပါတယ်။

5 ဒါပေမယ့် ယေရှု၊ သူတို့ပြောဆိုသလို လှည့်လည်သွားလာပြီး သူတို့ရဲ့
ဘုရားကျောင်းတွေကို ဖျက်စီးနေသူ ဟုစွပ်စွဲကြသည်၊ သူတို့၏ ယဇ်ပုရောဟိတ်
ကို ဆန့်ကျင်သည့်စကားများပြောပြီး၊ ယေရှုကို သူတို့ကိုအတွက် ကြီးမားတဲ့
ဒုက္ခပေးခဲ့တယ်သူဟု ယူဆခဲ့ကြသည်။ ပြီး—ပြီးတော့သူတို့ ယေရှုခရစ်တော်
ကို ယုံကြည်ကြောင်း ဝန်ခံခြင်းပင်လျှင် ဘာသာရေး အသိုင်းအဝန်းမှ ဖယ်ရှား
ခံရပြီး တရားဇရပ်မှ ထုတ်ပစ်ခံရမှာပဲ။ ပြီးတော့ အသင်းတော်အပြင်ဘက်မှာ ရှိ
နေတယ်ဆိုရင်၊ သူတို့စိတ်ထဲမှာ သင်သည်ကယ်တင်ခြင်းရဖို့ ပြန်ရနိုင်မယ့် အခွ
င့်အရေး မရှိတော့ဘူးလို့ ယူဆထားကြတယ်။ သင်က သူတို့ရဲ့ အဖွဲ့စည်းထဲကို
မဝင်ဘူးဆိုရင် ဖာရိရှဲဖြစ်ဖြစ်၊ ဇဒ္ဒုကဲဖြစ်ဖြစ် သူတို့နှင့်မဆိုင်တဲ့ ဂိုဏ်းတစ်ခုခု
မှာ မပါရင်၊ အဲဒီအသင်းဝင်ဘောင်အပြင်မှာ ရပ်နေတဲ့သူဆိုရင် ကယ်တင်

ခြင်းဆိုတာ လုံးဝမရှိဘူးလို့ သူတို့ မှတ်ယူထားကြတယ်။ ပြီးတော့ သူတို့မှာ အခွင့်အာဏာရှိရင်၊ သောတေပိုင်ရင်၊ သူတို့စိတ်တိုင်းကျ သင့်ကို အသင်းကနေ ကန်ထုတ်လိုက်နိုင်တယ်။ ဒါဟာ သူတို့ရဲ့ ကိုယ်ပိုင်စကားပဲ ဖြစ်တယ်။ "သင်တို့ရဲ့ ရိုးရာဓလေ့အတိုင်း လိုက်နာခြင်းအားဖြင့်၊ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို အချည်းနှီး ဖြစ်စေတယ်။" ဟုယေရှုက မိန့်တော်မူခဲ့တာအံ့ဩစရာမရှိပါဘူး။ မြင်ကြရဲ့လား။

6 အခုခေတ်မှာလည်း ဒီအရာသည် ထပ်ဖြစ်နေပြန်ပြီ။ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ အားလုံးသိကြတဲ့အတိုင်း သမိုင်းဆိုတာ အချိန်အခါတစ်ခုတိုင်းမှာ ထပ်တလဲလဲ ပြန်ဖြစ်တပ်လေ့ရှိတယ်။ ဒါက– ဒါကတော့ ဝမ်းနည်းစရာပါပဲ၊ ဒါပေမယ့် ဒါကို ထပ်ဖြစ်လိမ့်မယ်လို့ ကြိုတင်ဟောထားခဲ့ပြီး၊ ဒါကနောက်တခါ ထပ်ဖြစ်ခဲ့ပြီ။

ယေရှုကို လူတွေက သိပ်ပြီး လေးစားမှုမရှိဘူးဆိုတာတွေ့ရပါတယ်။

7 မကြာခဏဆိုသလိုပဲ၊ လူတွေဟာ သူတို့နဲ့ သဘောမတူတဲ့ လူကို ဝေဖန်တတ်ကြတယ်။ ကျွန်တော်တို့ ဒီလိုမလုပ်သင့်ဘူး။ တစ်ယောက်နဲ့တစ်ယောက် သဘောထားကွဲလွဲနိုင်ပေမယ့် ခင်မင်ရင်းနှီးနိုင်ပါတယ်။ တစ်ယောက်ယောက်နဲ့ ကျွန်တော် သဘောမတူဘဲ၊ သူ့ကိုမချစ်နိုင်၊ သူ့အတွက်ဆုမတောင်းပေးနိုင်ဘူးဆိုရင်၊ ကျမ်းစာအပေါ် အခြေခံပြီး၊သူနဲ့သဘောထားကွဲလွဲနိုင်သော်လည်း၊ ထိုသို့ပြုခြင်းသည် ပို၍ကောင်းမွန်သော အလင်းတော်ကိုရရှိစေရန်ဖြစ်သည်၊ ဒါဆိုရင် ကျွန်တော် သူ့ကို တစ်စုံတရာဘာမှ မပြောတော့ပါဘူး။ ကျွန်တော်က သူ့ကို အမြဲတမ်း ခင်မင်စွာနဲ့ သဘောထားကွဲလွဲချင်တယ်၊ အကြောင်းက ကျွန်တော် သူ့ကို ချစ်လို့ပါ၊ ကျွန်တော် သူ ပျောက်ဆုံးသွားမှာကို လုံးဝ မလိုချင်ဘူး။ ပြီးတော့ သူကလည်း ကျွန်တော်ကို အလားတူပဲ လုပ်ပေးသင့်တယ်၊ ကျွန်တော်တို့ မပျောက်ဆုံးချင်ပါဘူး။ ပြီးတော့ ကျွန်တော်တို့ရဲ့ အတွေးများကို နှုတ်ကပတ်တော် အပေါ် တွင်သာ အခြေခံရမည်။ နှုတ်ကပတ်တော်ကိုသာ အမှန်တရားဖြစ်တယ်ဆိုတာ လက်ခံကြပါစို့။ ကျွန်တော်တို့ရဲ့ ဖွင့်ဆိုချက် သို့မဟုတ် ကျွန်တော်

တို့ရဲ့အတွေးတွေ မဟုတ်ဘဲ၊ ဘုရားသခင် ပြောတဲ့စကားပဲ ဖြစ်ရမယ်။ ကိုယ်ပိုင် အဓိပ္ပာယ်ဖွင့်ဆိုခြင်း မပါဘူး၊ နှုတ်ကပတ်တော် ပြောတဲ့အတိုင်းသာ ဖြစ်ရမယ်။

8 မေ့လို့မရနိုင်တဲ့ အဲဒီညက၊ ကျွန်တော် တစ်ခုခုလုပ်မိတယ်၊ဒါဟာ ဘုရားကို မရိုမသေပြုမှုနီးနီး ဖြစ်နေသလို ခံစားရတယ်၊ ထိုနေ့မနက်က အမှုတော်ဆောင်များရဲ့ နံနက်စာစားပွဲမှာ ဖြစ်ခဲ့တယ်လို့ကျွန်တော်ထင်ပါတယ်။ ကျွန်တော်သည် ယေရှုကိုစမ်းသပ်ခဲ့တယ်။ ကျွန်တော် ပြောခဲ့တယ်၊ "အရင်တုန်းက သူတို့လုပ်ခဲ့သလို၊ ဒီနေ့ခေတ်မှာလည်း သူတို့ဒီလို လုပ်နေကြတယ်"။ အချိန်ရှိမယ်ဆိုရင်၊ ခဏလောက်ထပ်ပြီး ကျွန်တော် ပြန်ပြောပြရင်ကောင်းမယ်ထင်တယ်။ ကဲ၊ ကျွန်တော်ပြောခဲ့တယ်၊ ဒီနေ့ခေတ်မှာ ကျွန်တော်တို့ တွေ့ရှိရတာက...

9 လူသာ၏ ပြုပြင်ပြောင်းလဲရေး ကာလမှာ၊ သူက၊ "ဖြောင့်မတ်သောသူသည်ယုံကြည်ခြင်းအားဖြင့်အသက်ရှင်လိမ့်မည်။" လို့ ဆိုခဲ့တယ်။ "ယုံကြည်သူကတော့၊ ဝိညာဉ်တော်၏ တန်ခိုးကို ရထားတဲ့သူဖြစ်ပါတယ်"။ ဒါပေမယ့် ကျွန်တော်တို့ တွေ့ရှိရတာက၊ သူတို့ထဲက အများအပြား ယုံကြည်ကြောင်း ပြောနေပေမယ့်၊ တကယ်တော့ ဝိညာဉ်တော်၏ တန်ခိုး မရကြဘူး။

10 ဂျွန်ဝက်စ်လီ ရဲ့ လက်ထက်မှာ၊ ဒုတိယကောင်းချီးမင်္ဂလာကို သူတို့ရရှိခဲ့ရင် သူတို့က အဲဒါကို သန့်ရှင်းခြင်း၊ လုံးဝသန့်ရှင်းစင်ကြယ်ခြင်း လို့ ခေါ်ကြတယ်၊ သူတို့ ဝမ်းမြောက်ပျော်ရွှင်ပြီး အားရပါးရ ချီးမွမ်းကြတယ်။ "လူတိုင်းက ဝမ်းမြောက်ပြီးကြွေးကြော်ကြတယ်။" ဒါပေမယ့် နောက်ပိုင်းမှာ သူတို့ ဒါကို တကယ်မရကြောင်း သိလာရတယ်။ သူတို့ထဲက အများအပြား ဟစ်ကြွေးကြပေမယ့်၊ တကယ်တမ်း ဝိညာဉ်တော်၏ တန်ခိုး မရကြဘူး။

11 ပင်တေကုတ္တေပွဲနေ့ခေတ်ကာလမှာ၊ သူတို့က၊ "အခုဆုကျေးဇူးများပြန်လည်ထိန်းသိမ်းခြင်း ရောက်လာပြီ၊ ဝိညာဉ်တော်ဗတ္တိဇံခံခြင်း ရောက်လာပြီ။ အနက်ကိုဖော်ပြောသူသည် ဝိညာဉ်တော်၏ တန်ခိုးရရှိသူဖြစ်သည်။" ဟုဆိုခဲ့ကြတယ်။ ကျွန်တော်တို့ သိရတာက၊အခြားသောဘာသာစကားပြောသူ

အများအပြားရှိပေမယ့်၊ တကယ်တမ်း ထိုစစ်မှန်သောတန်ခိုးကိုမရကြပါ။

12 ဒါကြောင့် သူတို့က "ကောင်းပြီ၊ ဝိညာဉ်တော်၏အသီးကတော့၊ အဲဒါပါ" လို့ ဆိုကြတယ်။ အိုး...မဟုတ်ဘူး၊ ဝိညာဉ်တော်ရဲ့အသီး မဟုတ်ဘူး။ ခရစ်ယာန် သိပ်ဆိုတာမှာလည်း အဲဒီလိုမျိုး ရှိတယ်။ သူတို့က "ချစ်ခြင်းမေတ္တာဟာ ဝိညာဉ် တော်ရဲ့ အသီးပဲ" ဆိုပြီး ပြောတတ်ကြတယ်။ ဒါကြောင့် သူတို့မှာ ဘယ် သူ့ထက်မဆို ချစ်ခြင်းမေတ္တာ ပိုရှိသလိုလို ထင်ရပေမယ့်၊ တကယ်တမ်းက ယေရှုခရစ်တော်၏ ဘုရားဖြစ်ခြင်းကို ငြင်းပယ်ကြတယ်။ သူ့ကို ပရောဖက် တစ်ယောက်၊ သာမန်လူတစ်ယောက်လို့ပဲ ခေါ်ကြတယ်။ မြင်လား၊ ဒါကြောင့် မှန်ကန်တဲ့ ဝိညာဉ်တော်ရဲ့ အသီး မဟုတ်ဘူး။

13 ခဏလောက် ဒီအချက်ကို မေးခွန်းထုတ်ကြည့်ပါရစေ။ ယေရှုကိုစစ်ဆေး စီရင်ကြည့်ကြစို့။ ပြီးတော့ ဘုရားသခင်သည် စင်မြင့်ပေါ်က၊ ဖော်ပြချက် အတွက် ကျွန်တော့်ကို ခွင့်လွှတ်တော်မူပါ။ ဒါပေမယ့်၊ သင်တို့ကိုအလင်းဆီခေါ် ဆောင်လာဖို့အတွက်၊ ကျွန်တော်မိနစ်ပိုင်းလောက် ဘုရားသခင်ကိုဆန့်ကျင်နေ မှာပါ။ မြင်လား။

14 "ကဲ၊ ဒီည သင်တို့လူတွေကိုကျွန်တော်ဒီမှာ ရထားပြီ။ သင်တို့ကို ပြောနေ တာ။ ကျွန်တော်..." (ဒါက အခြားနေ့တစ်နေ့ကို ပြန်သွားတာပါ။ နာဇရက်မြို့သား ယေရှုက မြေပေါ်မှာရှိနေချိန်ပါ။) "ကျွန်တော်သင်တို့ဆီ ရောက်လာတယ်၊ဒီလူ နာဇရက်မြို့သား ယေရှုဆိုသူကို ဆန့်ကျင်ပြီး၊ သင်တို့နဲ့ ဆွေးနွေးဖို့ ရောက်လာ တယ်။ ယခု ကျွန်ုပ်တို့အားလုံးသိထားတဲ့အတိုင်း ဘုရားသခင်သည် ချစ်ခြင်း မေတ္တာဖြစ်တယ်။ သမ္မာကျမ်းစာကလည်း ဆိုထားတယ်။ ကောင်းပြီ၊ ထိုချစ် ခြင်းမေတ္တာ၊ သန့်ရှင်းသောဝိညာဉ်တော်သည် သည်းခံခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ စိတ်ရှည်ခြင်း၊ နှိမ့်ချခြင်း စသည်တို့နှင့် ပြည့်စုံပြီး၊ ချစ်ခြင်းမေတ္တာလည်းဖြစ် တယ်။ အခု ကျွန်တော် ပြောမယ်၊ ကျွန်တော် သင်တို့ကို တစ်ခုမေးချင်တယ်။ ကျွန်တော်တို့ သိတဲ့အရာကို အခြေခံပြီး၊ ခရစ်ယာန်တစ်ယောက်ရဲ့ အကြောင်း ကို ပြောကြမယ်။

15 သင်တို့ရဲ့ ရှေးယဇ်ပုရောဟိတ်ကို ကြည့်လိုက်ပါ။ သူ့ရဲ့ ဘိုးဘေးတို့ဟာ ယဇ်ပုရောဟိတ်တွေ ဖြစ်ခဲ့ကြတယ်။ သူဟာ ယဇ်ပုရောဟိတ်ဖြစ်ဖို့ လေဝိအမျိုး အနွယ်မှာ မွေးဖွားတဲ့သူ ဖြစ်ခဲ့ရတယ်။ အခု ကျွန်တော်တို့ သိရတာက၊ သူ့မှာ ကျန်တဲ့သင်တို့လို လူငယ်ဘဝအရသာ မရှိဘူး။ သူ ဘာလုပ်သလဲ။ သူဟာ ကိုယ့်ကိုကိုယ် စွန့်လွှတ်ပြီး၊ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို လေ့လာဖို့ အဲဒီမှာ ဆက်ကပ်အပ်နှံတယ်။ သူဟာ နှုတ်ကပတ်တော်ကို နေ့ညမပြတ်၊ နေ့ညမပြတ် ဖြတ်သန်းလေ့လာရပြီး၊ စာစောင်ပေါ်က စာလုံးတိုင်း၊ စကားလုံးတိုင်းကို သိရှိရမယ်။ သူဟာ ဒါကို နှလုံးသားထဲကနေ သိရမယ်။ သူ...သူ၊ ဒါနဲ့ပတ်သက်ပြီး တစ်ခုခုကို သိရမယ်ဆိုတာ ရှိတယ်။

16 “ပြီးတော့၊ ဒါအပြင်၊ သင့်ရဲ့ အဖေနဲ့ အမေ လက်ထပ်တဲ့အခါ၊ သူတို့ကို လင်နဲ့မယားအဖြစ် ဘယ်သူက စပ်ကြားပေါင်းစည်းပေးခဲ့တာလဲ။ သင်တို့ ဘုရားကြည်ညိုသော ရှေးယဇ်ပုရောဟိတ်ပဲ။ သင့်အဖေ လယ်ယာမြေအတွက် အကြွေးတင်နေပြီး အခက်အခဲရှိနေတဲ့အခါ ဘယ်သူက သူ့ဆီ ကူညီရောက်ရှိလာခဲ့တာလဲ။ ချေးငွေတင်ထားတဲ့သူတွေက လယ်ကို သိမ်းဖို့ ဖြစ်လာတဲ့အခါ၊ ဘယ်သူက သူ့ဘေးမှာ ရပ်တည်ပေးခဲ့တာလဲ။ သင့်ရဲ့ ကရုဏာရှိတဲ့ အသက်ကြီး ယဇ်ပုရောဟိတ်ကပဲ ရပ်တည်ပေးခဲ့တာ။ မီးဖွားခန်းထဲမှာ သင့်အမေ သင့်ကို မွေးဖွားနေတုန်းက ဘယ်သူက သူ့ဘေးမှာ ရပ်တည်ပေးခဲ့တာလဲ။ ကရုဏာရှိတဲ့ အသက်ကြီး ယဇ်ပုရောဟိတ်ကြီးပါပဲ။ သင် နေမကောင်းဖြစ်ပြီး ဆင်းရဲလို့ငတ်မွတ်နေတဲ့အခါ ဘယ်သူက သင့်ဆီ လာခဲ့တာလဲ။ သင့်ရဲ့ ကရုဏာရှိတဲ့ အသက်ကြီး ယဇ်ပုရောဟိတ်ကြီးပါပဲ။ သင့်ကို ဘုရားရှေ့မှောက် ကောင်းကြီးပေးပြီး ဘုရားအား အပ်နှံခဲ့သူ၊ ရှစ်ရက်ရက်မြောက်နေ့မှာ အရေဖျားလှီးခဲ့သူက ဘယ်သူလဲ။ သင့်ရဲ့ ကရုဏာရှိတဲ့ အသက်ကြီး ယဇ်ပုရောဟိတ်ကြီးပါပဲ။ သင့်အဖေနဲ့ အမေ ကွက္ကာရှင်းတော့မယ့်အချိန်မှာ၊ ဘယ်သူက သူတို့ကို ပြန်လည်ပေါင်းစည်းပေး၊ စည်းလုံးအောင်ကိုင်တွယ်ပေးခဲ့တာလဲ။ သင့်ရဲ့ကရုဏာရှိတဲ့အသက်ကြီး ယဇ်ပုရောဟိတ်ကြီးပါ။ အိမ်နီးချင်းတွေကြား အခြေအနေ ရှုပ်ထွေးမှုတစ်ခု ပေါ်ပေါက်လာတဲ့အခါ၊ ဘယ်သူကဖြေ

ရှင်းဆောင်ရွက်ပေးတာလဲ။ သင့်ရဲ့ ကရုဏာရှိတဲ့ အသက်ကြီးယဇ်ပုရောဟိတ်ကြီးပါ။ မှန်ပါတယ်။

17 “အခုတော့ ဒီကရုဏာရှိတဲ့ အသက်ကြီး ယဇ်ပုရောဟိတ်ကြီးသည်၊ ဘုရားသခင်အား ယဇ်ပူဇော်ရန်အတွက်သိုးသငယ်ကိုလိုအပ်ကြောင်း၊ သမ္မာကျမ်းစာတွင်ဖော်ပြထားတာကို သိရတယ်။ သင်တို့ အများစုက စီးပွားရေးလုပ်ငန်းရှင်တွေ ဖြစ်ကြတယ်၊ ဒါကြောင့် သိုးတွေ မွေးမြူကြတာမဟုတ်ဘူး၊ ဒါပေမယ့် ဘုရားသခင်ကတော့ သိုးကို တောင်းဆိုနေတယ်။ သူတို့ကအဲဒီမှာ ကုန်တိုက်လေးတွေ ဖွင့်ထားပြီး၊ သူတို့ရဲ့ သိုးတွေကို ရောင်းချကြတယ်၊ ဒါကြောင့် ဒီ–ဒီ စီးပွားရေးလုပ်ငန်းရှင်တွေက အပေါ်ကိုတက်ပြီးဝယ်ယူနိုင်အောင်လို့ပါ။ သူတို့ရဲ့ ဝိညာဉ်အတွက် ယဇ်ပူဇော်ခြင်းကို ဆောင်ရွက်ဖို့၊ ဘုရားသခင်တောင်းဆိုထားတဲ့အတိုင်းပါပဲ။

18 ဒီလူငယ်လေး ယေရှုလို့ခေါ်တဲ့သူက ဘာလုပ်ခဲ့တာလဲ။ သူက ဘယ်ကလာတာလဲ? အပျိုကညာက မွေးဖွားခဲ့တယ်ဆိုတယ်။ ဒီလို မဖြစ်နိုင်တဲ့အရာကို ဘယ်သူကများ ကြားဖူးမှာလဲ? သူ့မိခင်က ယောသပ်နဲ့ လက်ထပ်မထားသေးခင်မှာ၊ ဒါမှမဟုတ် ယောသပ်နဲ့ လက်ထပ်ပြီးမှ သူ့ကို မွေးဖွားခဲ့တယ်ဆိုတာ ကျွန်တော်တို့ သိတယ်။ အခု ကျွန်တော်တို့ သိရတာက သူဟာ တစ်နည်းအားဖြင့်...သူဟာ အစကတည်းက အမည်ညံ့သူ ဖြစ်တယ်။

19 “သူ့မှာ ဘာအသင်းဝင်ကတ်ပြားရှိလဲ။ သူက ဘုရားတရားကြည်ညိုတဲ့သူဆိုရင် ဘယ်အဖွဲ့နဲ့ ပူးပေါင်းခဲ့တာလဲ။ သင့်ရဲ့ ယဇ်ပုရောဟိတ်ဟာ ထပ်ခါထပ်ခါ၊ ထခါလေ့လာခဲ့ပြီး ဒီနှုတ်ကပတ်တော်ကို သိရှိအောင် ကြိုးစားခဲ့တယ်၊ ဒီမှာတော့ သူက လှည့်ပတ်လာပြီး သူကိုယ်တိုင် တည်ဆောက်ခဲ့တယ်။ ဒါကို ‘ဘုရားသခင်’လို့ သင်ခေါ်မလား၊ လုံးဝ မခေါ်နိုင်ဘူး။

20 အခု၊ အရင်နေ့က၊ သင့်ရဲ့ ယဇ်ပုရောဟိတ်က အဲဒီ...အဲဒီနေရာအပေါ်မှာ ပြင်ဆင်ထားတဲ့အချိန်၊ ယဇ်ပူဇော်ဖို့အတွက်ဝယ်ယူနိုင်တဲ့ နေရာကို ဖန်တီးထားတဲ့အချိန်၊ ဒီလူငယ်လေးက ဘာလုပ်ခဲ့တာလဲ။ ကြင်နာမှုလား။ သူက ရိုက်နှက်

ပြီး၊ ကြိုးတွေကို ရစ်ပတ်ကာ၊ ပျဉ်းတစ်ချို့နဲ့ သားရေတံကျင်တွေနဲ့ ပြုလုပ်ပြီး၊ လူ
တွေကို ကြည့်ရှုလျက်၊ ဒေါသထွက်နေခဲ့တယ်။ စားပွဲတွေကို ကန်ချိုးပစ်ခဲ့ပြီး၊ သူ
တို့ကို အဲဒီကနေ ရိုက်ထုတ်ခဲ့တယ်။ ဒါကို သင်က ဝိညာဉ်တော်ရဲ့အသီးလို့ ခေါ်
မလား၊ သူတို့ကို အမျက်ဒေါသဖြင့် ကြည့်နေခြင်းကို။ ပြီးတော့ ကြည့်လေ၊ ယေ
ဟောဝါကို ကိုးကွယ်ဖို့ အခွင့်အလမ်းကနေ လူကို လစ်လျူရှုခြင်းပါပဲ။ စီးပွားရေး
လုပ်ငန်းရှင်က ကိုယ်တော်ကို ကိုးကွယ်ချင်တယ်၊ သူက သိုးသငယ်တွေ မမွေး
တတ်ဘူး၊ ဒါကြောင့် အဲဒီကိုသွားပြီး ဝယ်ယူဖို့ ကြိုးစားကြတယ်။ ဒါနဲ့ ကိုယ်တော်
က စားပွဲတွေကို လှန်ပစ်၊ ကန်ချိုးပစ်ပြီး သူတို့ကို မောင်းထုတ်လိုက်တယ်။"

21 အဲဒီမှာ ဝိညာဉ်တော်ရဲ့ အသီးက ဘယ်သူ့မှာ ရှိသေးလဲ။ အင်း–ဟမ်။
မြင်လား။ ဒါပဲ။ ကြည့်လေ၊ ဝိညာဉ်တော်ရဲ့အသီး မဟုတ်ဘူး၊ အခြားသော
ဘာသာစကားပြောခြင်းလည်း မဟုတ်ဘူး၊ ဟစ်ကြွေးခြင်းလည်း မဟုတ်ဘူး။

22 သင်ကပြောမယ် "ဒါဆို၊ ညီအစ်ကို ဘရန်ဟမ်၊ ဘာအထောက်အထားရှိလဲ။
အထောက်အထားက ဘာလဲ။" ဆိုတာက နှုတ်ကပတ်တော်ရဲ့ ထိုကာလအတွင်း
မှန်ကန်ကြောင်း သက်သေပြခြင်းပဲ။

23 သူတို့မှာသမ္မာကျမ်းစာရှိခဲ့တယ်။ ယေဟောဝါမိန့်တော်မူခဲ့တဲ့အတိုင်း
ကိုယ်တော်ကအတိအကျပြည့်စုံနေသည်။ ဒါကိုအနက်ဖွင့်ဆိုဖို့မလိုတော့ဘူး။
အဲဒီမှာ ဒါက အနက်ဖွင့်ပြီးသားပါ။ အဲဒီမှာသင့်ရဲ့ယဇ်ပုရောဟိတ်တွေရှိတယ်၊
သူတို့မှာ ရှိသမျှအားလုံး ရှိနေတယ်၊ အရာတွေအားလုံးသည် အစဉ်အလာ
အတိုင်းဖြစ်နေကြသော်လည်း၊ သူတို့သည် နှုတ်ကပတ်တော်ကို မမြင်နိုင်ခဲ့ကြ
ပါ။ ပြီးတော့ ကိုယ်တော်က ထိုခေတ်အတွက်ထိုနှုတ်ကပတ်တော်ကို အသက်
ရှင်စေတော်မူခဲ့တယ်။ ၎င်းသည် ထိုခေတ်၏ သက်သေဖြစ်သည်။

24 လူသာက သူ့ခေတ်ရဲ့ သက်သေကို ရခဲ့တယ်၊ ဝက်စ်လီက သူ့ခေတ်
အတွက် သက်သေကိုရခဲ့တယ်၊ ပင်တေကုတ္တေတွင်လည်း ၎င်း၏ ခေတ်
အတွက် သက်သေထင်ရှားချက်ကို ရခဲ့တယ်၊ သို့သော် ကျွန်ုပ်တို့သည် အခြား
ခေတ်တစ်ခုထဲမှာရှိနေကြသည်။ ထိုအရာများသည် ကောင်းသောအရာများဖြစ်

ကြတယ်။ ဒါပေမယ့် ကလေးငယ်လိုပဲ၊ သူ့မှာ လက်ချောင်း၊ မျက်စိ၊ နှာခေါင်းရှိတယ်၊ ဒါပေမယ့် ခဏကြာတော့ လူသားတစ်ယောက် ဖြစ်လာရတယ်။ သူဟာ ရင့်ကျက်တဲ့ကလေး တစ်ယောက်.....တစ်ယောက် ဖြစ်လာရတယ်၊ ထိုနောက် မွေးဖွားလာပြီး၊ ဝိညာဉ်၊ ကိုယ်ခန္ဓာ၊ အသက်ဝိညာဉ် ရှိလာပြီး လှုပ်ရှားသွားလာနိုင်တယ်။

25 အခုမှာ ဤအရာအားလုံးကို ယေရှုက ကြေငြာခဲ့သည်ကို ကျွန်ုပ်တို့တွေ့ရပြီး၊ ဒါပေမယ့် လူအနည်းငယ်သာ၊ အသက်တာအတွက် ခန့်အပ်ခြင်း ခံခဲ့သောသူများကသာ ကိုယ်တော်ကို မြင်တွေ့ခဲ့ကြတယ်။ လူအုပ်ကြီးတွေ မဟုတ်ဘူး၊ ကိုယ်တော်ရဲ့ နောက်လိုက်အုပ်စုတွေဟာ ကယာဖရဲ့ လူအုပ်စုတွေလိုဘယ်တော့မှ မဖြစ်နိုင်ဘူး။ ဘာလို့လဲဆိုတော့၊ ကယာဖဟာ တစ်နိုင်ငံလုံးကို စုရုံးခေါ်ဆောင်နိုင်ခဲ့တယ်။ ယေရှုကတော့ အနည်းငယ်ကိုသာ ခေါ်ယူခဲ့တယ်။ သူ့ကို သိသူလည်းမများခဲ့ဘူး။ ကိုယ်တော် မြေကြီးပေါ် ကြွလာတဲ့အခါ ထောင်ပေါင်းများစွာ၊ သောင်းပေါင်းများစွာရှိတယ်၊ ကိုယ်တော်ဟာ မြေကြီးကို ဖြတ်သန်းသွားခဲ့တယ်၊ သူတို့တွေက ကိုယ်တော်ရှိနေသည်ကိုပင်မသိခဲ့ကြဘူး။

26 ထို့အတူပင် အရင်ကဲ့သို့ ထပ်မံဖြစ်လာမည်။ ကိုယ်တော်သည် အသက်အတွက် ခေါ်ခြင်း ခံရသောသူများထံသို့ ကြွလာမယ်။ အသက်အတွက် ခေါ်တော်မူခြင်း ခံရသူတွေက ဘယ်သူတွေလဲဆိုတာ ကိုယ်တော် သိတော်မူတယ်။ ပြီးတော့ ကိုယ်တော်ဟာ...ထိုအရာကိုစောင့်ရှောက်ပေးခြင်းက ကိုယ်တော်၏ တာဝန်ဖြစ်သည်။

27 အခု ကျွန်တော်တို့ သတိထားမိတာက၊ သူတို့ဟာ အသင်းတော်ကနေ ထွက်လာကြတယ်၊ ပြီးတော့ ကိုယ်တော်ကို ယုံကြည်ခဲ့ကြတယ်။ နှုတ်ကပတ်တော်က ကိုယ်တော်အကြောင်း ကြိုတင်ပြောထားသမျှ အရာတိုင်းဟာ၊ အဲဒီမှာ ကိုယ်တော်ရှိနေတယ်။

28 တစ်နေ့မှာ ကိုယ်တော်ဟာ သူတို့ရဲ့အိမ်မှ ထွက်ခွာသွားခဲ့တယ်။ ကျွန်တော် အရာသုံးခုကို ပြောချင်တယ်၊ ယေရှု ထွက်ခွာသွားပြီ၊ သေခြင်းတရား ရောက်

ရှိလာပြီ၊ မျှော်လင့်ချက်အားလုံး ကုန်ဆုံးသွားပြီ။ ကျွန်တော် ဒီအရာသုံးခု အကြောင်း မိနစ်အနည်းငယ်လောက် ပြောချင်တယ်။

29 ယေရှု ထွက်သွားခဲ့ပြီ။ ကိုယ်တော် ထွက်ခွာသွားတဲ့အခါ၊ ဒုက္ခဆင်းရဲတွေ ဝင်ရောက်လာတယ်။ ယခု ကိုယ်တော်က သင့်ကို၊ သို့မဟုတ် သင်နေထိုင်တဲ့အိမ်မှ ထွက်ခွာတဲ့အခါ၊ ဒုက္ခဆင်းရဲသည် လမ်းမှာရောက်ရှိနေပြီ။ ယေရှု ထွက်သွားတဲ့အခါ စာတန်သည်ဝင်ရောက်နိုင်ရန် တံခါးဖွင့်ထားသကဲ့သို့ ဖြစ်လာတယ်။

30 ကိုယ်တော် ထွက်ခွာသွားပြီး၊ ပြီးတော့—ကိုယ်တော် ထွက်ခွာလိုက်တာနဲ့ တပြိုင်နက်၊ သေခြင်းတရား ဝင်ရောက်လာတယ်။ ယေရှု ထွက်ခွာတဲ့အခါ၊ သေခြင်းတရား ဝင်ရောက်လာတယ်။ ကိုယ်တော်နဲ့ ကွဲကွာခြင်းဟာ သေခြင်းဖြစ်တယ်၊ ဒါကြောင့် ယေရှု ထွက်ခွာတဲ့အခါ သေခြင်းတရား ဝင်ရောက်လာခဲ့တယ်။

31 သေခြင်းတရားသည် လာဇရုနှင့်အတူ ကြာရှည်စွာ တည်ရှိနေခဲ့တယ်။ ထို့နောက် သူတို့ ယုံကြည်ခဲ့ပြီး ချစ်မြတ်နိုးတဲ့ အရှင်ထံသို့၊ လာဇရုအတွက် ဆုတောင်းပေးရန်လာဖို့ လူစေလွှတ်ခဲ့တယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့သည် ကိုယ်တော်ကို မြင်တွေ့ ခဲ့ကြပြီး ကိုယ်တော်ဟာ ဘုရားသခင်ကို သိတယ်ဆိုတာကို သိရှိခဲ့ကြတယ်၊ "ဘာပဲဖြစ်ဖြစ်၊ ဘုရားသခင်..." မာသသည် ထိုနေရာ၌ ဤသို့ဖော်ပြခဲ့တယ်၊ "ယခု ဘုရားသခင်ထံတော်မှ အဘယ်သို့သော အရာကိုမဆို တောင်းလျှင်၊ ဘုရားသခင်သည် ပြုတော်မူလိမ့်မည်။" မာသက ကိုယ်တော်နဲ့ ဘုရားသခင်ဟာ တစ်လုံးတစ်ဝတည်းဖြစ်တော်မူကြောင်းကိုသိမြင်ခဲ့တယ်။ ကိုယ်တော်သည် ထိုအချိန်ကာလရဲ့ နှုတ်ကပတ်တော်ဖြစ်တယ်၊ ဒါကြောင့် သူမက ဒါကို သဘောပေါက်ခဲ့တယ်။ ထို့ပြင် သူမသည် ကိုယ်တော်နှင့်သာ ဆက်သွယ်နိုင်ခဲ့လျှင် အမှုတစ်စုံတရာဖြစ်ပေါ်လာမည်ကို သိခဲ့သည်၊ သို့သော်လည်း ကိုယ်တော်သည် ထွက်ခွာသွားတော်မူပြီး၊ သူထို့သည် ကိုယ်တော်ကို ဆက်သွယ်၍ မရခဲ့ပါ။ သူတို့က ကိုယ်တော်ဆီ စေလွှတ်ခဲ့ကြတယ်၊ ဒါပေမယ့် ကိုယ်တော်သည် မလာဘဲ၊ ပိုဝေးတဲ့နေရာကို ထပ်သွားခဲ့တယ်။ ပြီးတော့ သူတို့

က ထပ်မံစေလွှတ်တယ်၊ သို့သော် ကိုယ်တော်သည် မလာဘဲ၊ ပိုဝေးတဲ့နေရာကို ထပ်သွားခဲ့တယ်။

32 တစ်ခါတစ်ရံမှာ ဒီလိုအရာတွေ ဘာကြောင့် ဖြစ်ရတာလဲလို့ ကျွန်တော်တို့ တွေးမိတတ်ကြတယ်၊ ဒါပေမယ့် ကျမ်းစာက၊ "ဘုရားသခင်ကို ချစ်သောသူတို့အဘို့၊ ကောင်းသောအကျိုးကိုဖြစ်စေခြင်းငှာ ခပ်သိမ်းသောအရာတို့သည်တညီတညွတ်တည်းပြုစုကြသည်ကို ငါတို့သိကြ၏။" လို့ မဆိုထားဘူးလား။ ကိုယ်တော်ဘာလုပ်နေတယ်ဆိုတာ ကိုယ်တော်သိတယ်။ နှောင့်နှေးနေရင်လည်း ကိစ္စမရှိပါဘူး။ ကိုယ်တော်ဘာလုပ်နေတယ်ဆိုတာ ကိုယ်တော်သိတယ်။ ရည်ရွယ်ချက်တစ်ခုရှိတယ်။

33 ရှင်ယောဟန်ခရစ်ဝင် ၅း၁၉ မှာ ကိုယ်တော်မိန့်တော်မူခဲ့တာကို ကျွန်တော်တို့ သိရတယ်၊ **"ယေရှုက ငါအမှန်အကန်ဆိုသည်ကား၊ ခမည်းတော်ပြုတော်မူသောအမှုကို သားတော်သည် မြင်၍သာပြု၏။ မိမိအလိုအလျောက် အဘယ်အမှုကိုမျှမပြုနိုင်၊ ခမည်းတော်ပြုသမျှအတိုင်း သားတော်လည်းပြု၏။"**

34 ခမည်းတော်က သူ့ကို ထွက်သွားခိုင်းပြီး၊ ရက်ပေါင်းများစွာ ထွက်ခွာနေဖို့ မိန့်တော်မူခဲ့တယ်။ နေ့ရက်တွေ ပြည့်စုံပြီးနောက်၊ ထိုအခါမှ ကိုယ်တော်က ထိုစဉ်ကပြောခဲ့သောစကားကို ပြောတော်မူခဲ့တယ်၊ "ငါတို့၏အဆွေ လာဇရုသည် အိပ်ပျော်နေသည်။"

ထိုအခါ သူက "အင်း၊ သူကောင်းတာပဲလုပ်တယ်။" လို့ ပြောခဲ့တယ်။

35 ကိုယ်တော်က "သူသေပြီ။ သင်တို့အတွက် ငါအဲဒီမှာ မရှိခဲ့တာ ဝမ်းသာတယ်" လို့ မိန့်တော်မူခဲ့တယ်။ အကြောင်းမှာ၊ သူတို့က ကိုယ်တော်ကို လာဇရုထံသွားပြီး သူ့ကို ကျန်းမာစေဖို့ လုပ်သင့်တာကို ပြောဖို့ ဆွဲဆောင်ခဲ့ကြမှာပဲ။ ဒါပေမယ့် ဘာလုပ်ရမယ်ဆိုတာ ကိုယ်တော်သိတယ်၊ ဒါကြောင့် ကိုယ်တော်ခန့်အပ်တော်မူခြင်းခံရတဲ့အတိုင်း အတိအကျလုပ်ဆောင်ခဲ့တယ်၊ ဝေးရာမှာနေဖို့ပဲ။ ကိုယ်တော်သည် သခ်ၤျိဳင်းသို့ပြန်ကြွလာသောအခါ ကိုယ်တော်၏လှုပ်ရှားမှုကို သတိပြုထားမိမည်ဖြစ်သည်။ ကိုယ်တော်သည် ပြန်လာ၍ ဤအိမ်တော်ကို တွေ့

သောအခါ ထိုအရာကို ဖော်ပြခဲ့တယ်။

36 မျှော်လင့်ချက်အားလုံး ကုန်ဆုံးသွားခဲ့ပြီ။ လာဇရု သေဆုံးသွားပြီ။ နာရီ တိုင်းမှာ သူတို့က၊ "ကိုယ်တော် ရောက်လာမလား" ဆိုပြီး တွေးနေခဲ့ကြတယ်။ ကိုယ်တော် ရောက်လာမလား၊ ကိုယ်တော် ပြန်လာမလား" ဆိုပြီး တွေးနေခဲ့ ကြတယ်။ နောက်ဆုံးမှာတော့ သူသေဆုံးသွားတယ်၊ အသက်ရှူသံတွေ ပျောက် ကွယ်သွားခဲ့တယ်။

37 သူတို့ထွက်သွားကြတယ်၊ သူ့ခန္ဓာကိုယ်မှ သွေးတွေကို ထုတ်ပြီး သင်္ဂြိဟ် ရန်ပြင်ဆင်ကြတယ်၊ သူ့ကို ပိတ်လင်နင်အဝတ်ဖြင့်ပတ်ပြီး၊ နံ့သာများ ထည့်ကာ ပြင်ဆင်၍၊ ဂူထဲမှာ ထည့်သွင်းလိုက်ကြတယ်၊ ဂူပေါ်မှာ ကျောက်တုံးဖြင့်ပိတ် ထား တင်ထားကြတယ်၊ ဒါဟာ ထိုခေတ်က သူတို့ရဲ့ သင်္ဂြိဟ်မှုဓလေ့ ဖြစ်တယ်။ မြေကြီးထဲမှာ တွင်းတစ်တွင်း၊ ဒါမှမဟုတ် ကျောက်ဆောင်ထဲမှာ ထွင်းထားတဲ့ဂူ၊ အပေါ်ကနေ ကျောက်တုံးတစ်တုံး ဖုံးအုပ်ထားတာဟာ သူတို့ရဲ့ ဓလေ့ထုံးစံဖြစ် တယ်။

38 ပထမနေ့ ကျော်လွန်သွားတယ်၊ ဒုတိယနေ့ ကျော်လွန်သွားတယ်၊ တတိယ နေ့ ကျော်လွန်သွားတယ်၊ စတုတ္ထနေ့ ကျော်လွန်သွားပါပြီ၊ သူဟာ သခ်ၤိုင်းထဲ တွင် ပုပ်စပြုနေပြီ။ သူနှာခေါင်းဟာ ပျက်စီးကျသွားလောက်ပြီ။ ဒါ၊ ကျွန်တော် ထင်တယ်၊ ပထမဆုံး ပျက်စီးတတ်တဲ့အရာဟာ နှာခေါင်းပဲ ဖြစ်မယ်။ ပြီးတော့ သူဟာ ပုပ်သိုးနေပြီ။ သူ့ရဲ့—သူ့ရဲ့ အသားသည် မြေမှုန့်သို့ ပြန်သွားနေပြီ၊ ဒါ မှမဟုတ် မြေမှုန့်ဖြစ်သို့ ပြန်လည်ပြောင်းလဲနေပြီ။ သူ၏ဝိညာဉ်သည် သူထံမှ ခွဲခွာ၍ လေးရက်ခရီးဝေးတစ်နေရာရာသို့ ရောက်ရှိနေပြီ။

39 ဤဘဝမှာ သူကိုနောက်တစ်ကြိမ် ပြန်မြင်ရဖို့ မျှော်လင့်ချက်အားလုံးလည်း ပျောက်ကွယ်သွားခဲ့ပြီ။ ပြီးတော့ မျှော်လင့်ချက်အားလုံး ကုန်ဆုံးသွားချိန်...သူ တို့က "ပထမနေ့မှာ ကိုယ်တော်ရောက်လာမလား၊ ဒုတိယနေ့မှာ ရောက်လာမ လား။" ဆိုပြီးစောင့်ဆိုင်းခဲ့ကြတယ်၊ သို့သော်မလာပါ။ နောက်တော့ သူသေဆုံး သွားပြီ၊ ကိုယ်တော် မရောက်လာခဲ့ဘူး။ ထိုအခါ စိတ်ပျက်အားငယ်မှု စတင်ဝင်

ရောက်လာတယ်။

40 ခဏကြာတော့ တစ်စုံတစ်ယောက်က သူမကို၊ "သခင်ဘုရား အပြင်မှာ ရှိနေတယ်။" လို့ ပြောခဲ့မှာပဲ။ ဒီမှာ မာသာက လမ်းတစ်လျှောက် ပြေးဆင်းသွားတယ်။

41 မျှော်လင့်ချက်အားလုံး ပျောက်ဆုံးသွားတဲ့ အမှောင်ဆုံးအချိန်မှာ ယေရှု ကြွလာခဲ့တယ်။ အများအားဖြင့် ထိုသို့သောအချိန်မှာပဲ ကိုယ်တော်ကြွလာတတ်တယ်။ မြင်လား။ အမှောင်မိုက်ဆုံးအချိန်၌ ကိုယ်တော် ကြွလာတယ်၊ ထိုအခါ ယေရှုသည် အခြေအနေအလယ်၌ ပေါ်ထွန်းလာတယ်။

42 ယခု သတိထားကြည့်၊ ကိုယ်တော်သည် ကြွလာပြီး မာသာကို ခေါ်တော်တယ်။ ကိုယ်တော်၏မျက်မှောက်တော်သည် မျှော်လင့်ချက်အသစ်ကို ယူဆောင်လာခြင်းဖြစ်တယ်။ ထိုလူငယ်သေဆုံးနေပြီ ဖြစ်စေကာမူ၊ ကိုယ်တော်၏ ကိုယ်ထင်ပြခြင်းက မျှော်လင့်ချက်အသစ်ကို ယူဆောင်လာတယ်။

43 မိတ်ဆွေ၊ ယနေ့ညတွင် သင်သည်ကင်ဆာရောဂါ၊ နှလုံးရောဂါတို့ကြောင့်၊ ဆရာဝန်များက မျှော်လင့်ချက်မရှိတော့ဟု လက်လျှော့ထားသော အခြေအနေမှာ ထိုင်နေကောင်း ထိုင်နေနိုင်တယ်။ ဒါမှမဟုတ် လှဲကုလားထိုင်ထဲမှာ မသန်မစွမ်းဖြစ်နေပြီး၊ သိပ္ပံပညာက သင့်အတွက် မျှော်လင့်ချက်မရှိကြောင်း ပြောထားတဲ့အခြေအနေမှာ ရှိနေနိုင်တယ်၊ ကယ်လ်စီယမ်ဓာတ်တွေ စုပုံပြီး သင့်- သင့်-သင့်ရဲ့ အရိုးတွေကို တင်းမာစေလိုက်တဲ့အတွက်၊ သင်အဲဒါတွေကို ဘယ်တော့မှ ကွေးနိုင်တော့မှာ မဟုတ်ဘူး။ ဒါမှမဟုတ် သင့်—သင့်ရဲ့နှလုံးက ဆိုးဝါးလွန်းသဖြင့်၊ ဆရာဝန်က သင်ဟာအချိန်မရွေး သေဆုံးသွားနိုင်တယ်လို့ ပြောထားနိုင်တယ်။ အို၊ ကင်ဆာနဲ့ တီဘီရောဂါဖြင့် နာကြင်ခံစားနေကြသော လူများစွာလည်း ရှိကြတယ်၊ ဒါဟာ သင့်မှာရှိနေတဲ့ နောက်ဆုံးမျှော်လင့်ချက်လည်း ပျောက်ကွယ်သွားသကဲ့သို့ဖြစ်နေနိုင်တယ်၊ ဆရာဝန်ကလည်း သင့်ကို လက်လျော့လိုက်ပြီဟု ထင်ရနိုင်တယ်။ သို့သော်၊ ယေရှုခရစ်၏ မျက်မှောက်တော်၌ ရှိနေခြင်းနှင့် ထို

မျက်မှောက်တော်ကို သိမှတ်နားလည်ခြင်းသည် မျှော်လင့်ချက်များကို ပြန်လည် ယူဆောင်လာပေးတယ်။

44 တစ်စုံတစ်ယောက်က သင့်အတွက် အဲဒီနာမည်ကိုတောင် ခေါ်ပေး နိုင်တယ်။ သင်အရင်က ဘယ်တော့မှ မကြားဖူးခဲ့ဘူးဖြစ်နိုင်ပေမယ့်၊ တစ်စုံတစ်ယောက်က "ဘုရားသခင်ကို ယုံကြည်ပြီး နာမကျန်းသူတွေ အတွက် ဆုတောင်းပေးတဲ့ အသင်းတော်တစ်ခု ရှိတာကို ငါသိတယ်" လို့ ပြော လိုက်တာနဲ့၊ (က၊ သင်သေဖို့ အသင့်ပဲဖြစ်နေတယ်။ မြင်လား၊) မျှော်လင့်ချက် အသစ်တွေ ပြန်ပေါက်ထဖွားလာတယ်။" ဒါက အမြဲတမ်းဖြစ်တတ်တယ်။ ထိုအ မှောင်မိုက်ဆုံးအချိန်မှာ၊ အဲဒီအချိန်မျိုးမှာပဲ တစ်စုံတစ်ယောက်က ဒီအကြောင်း တစ်ခုခုပြောတတ်တယ်၊ သင့်ကို ယေရှုအကြောင်း ပြောပြလေ့ရှိတယ်။ သူ့ရဲ့ တည်ရှိမှုက မျှော်လင့်ချက်အသစ်တွေ ယူဆောင်လာပေးခဲ့ပါတယ်။

45 မနေ့ညကလိုပဲ ဒီညလည်း အဲဒီလိုပဲ ဖြစ်ပါစေ။ သံသယအရိပ်အရိပ်အ ယောင် တစ်စုံတစ်ခုမျှမရှိ စစ်မှန်ကြောင်း သက်သေပြနှင့်ပြီးသော နှုတ်ကပတ် တော်ကို မြင်ရသောအခါ၊ ထိုနှုတ်ကပတ်တော်သည် ထင်ရှားစွာပြသခြင်းခံရပြီး၊ သက်သေပြသောအရာဖြစ်သည်၊ ထိုအရာက လွန်ခဲ့သော နှစ်ပေါင်းတစ်ထောင် ကိုးရာက ရှင်သန်ခဲ့သူ၊ ကာရာနီတောင်ကုန်းပေါ်၌ အသေခံကာ၊ သုံရက်မြောက် သောနေ့၌ ပြန်လည်ထမြောက်တော်မူသော ယေရှုခရစ်တည်ပင် ဖြစ်ကြောင်း ကိုဖော်ပြနေသည်၊ တပည့်တော်များအား ကိုယ်ထင်ပြပြီး သူတို့၏မျက်စိတွေကို ဖွင့်ပေးတော်မူသည်၊ ထိုကာလ၏ ကတိတော်ကို ပြုတော်မူခဲ့ပြီး၊ ယနေ့ညဤ အချိန်တွင် ကျွန်ုပ်တို့၏ရှေ့မှောက်၌ ရှိနေတော်မူသည်၊ ထိုအရာသည် လူတို့အား မျှော်လင့်ခြင်းကို ယူဆောင်လာပြီး။ မျှော်လင့်ချက်အသစ်များလည်းပေါ်ထွန်း လာစေတယ်။

46 တစ်စုံတစ်ယောက်က၊ "အသင်းတော်ဟာအချိန်တစ်ခုကြာအောင် ဝိညာဉ် ရေးအရ ခြောက်သွေ့နေတယ်" လို့ ပြောကောင်းပြောလိမ့်မယ်။ ကျွန်တော်တို့ မှာ၊ လအတော်ကြာအောင် လတ်ဆတ်သော ရေကိုမရရှိခဲ့ကြဘူး။ ကျွန်ုပ်တို့မှာ

ဝိညာဉ်ရေးနိုးထမှုလည်း မရှိခဲ့ဘူး။ လူတိုင်း တိတ်ဆိတ်နေကြပုံရတယ်၊ ဒါမှ မဟုတ် တခြားတစ်ခုခု ဖြစ်နေသလိုပဲ။ ကျွန်တော်တို့က အသင်းတော်ကို သွားပြီး ဓမ္မသီချင်းဆိုကာ၊ တရားစကား အနည်းငယ် နားထောင်ပြီး အိမ်ပြန်ရုံပဲရှိတယ်။" ဒါပေမယ့် ရုတ်တရက်၊ ပြီးတော့ ကျွန်တော်တို့ ခြောက်သွေ့မှုကို စတင်ခံစားလာရတဲ့အခါ၊ ယေရှုက မြင်ကွင်းပေါ် ကြွရောက်လာတယ်၊ ကျွန်တော်တို့ကို လန်းဆန်းစေတယ်၊ အသစ်သောအရာတစ်ခုကို ယူဆောင်လာပေးတယ်။ ထိုအရာကို ပြုလုပ်ပေးရန် ကိုယ်တော်သည် အမြဲရှိနေတော်မူတယ်။ ယေရှု ကြွရောက်လာတဲ့အခါ၊ မျှော်လင့်ချက်အသစ်တွေ ရောက်ရှိလာကာ။ ကိုယ်တော်၏ တည်ရှိခြင်းသည် မျှော်လင့်ချက်အသစ်ကို ယူဆောင်လာတယ်။

47 သူမသည် ကိုယ်တော်သို့ ဘုရားသခင်၏ ထင်ရှားပြသသော နှုတ်ကပတ်တော် ဖြစ်တော်မူကြောင်းသိရှိခဲ့တယ်။ သူမသည် ဒီခေတ်ရဲ့ လက္ခဏာကို မြင်ခဲ့တယ်။ သို့မဟုတ် မမြင်ခဲ့ရင်၊ သူမသည် ရိုးရာအစဉ်အလာအတိုင်းပဲ ဆက်လက်ကျင့်သုံးနေဦးမည်ဖြစ်ပြီး။ဘာသာရေး အဖွဲ့ မှာပဲ ဆက်လက် ပါဝင်နေဦးမယ်။ ဒါပေမယ့် သူမသည် ကတိတော်ပြုထားသည့် နှုတ်ကပတ်တော် ကို မြင်ခဲ့တယ်။ သူမသည်ကတိတော်ပြုထားတဲ့ နှုတ်ကပတ်တော်ကို ကိုယ်တော်အားဖြင့် ထင်ရှားစွာ ပြသခြင်းခံရသည်ကိုမြင်ခဲ့ရပြီး၊ ကိုယ်တော်သည် ထိုအသက်ရှင်သောနှုတ်ကပတ်တော်ပင် ဖြစ်တော်မူကြောင်းသိခဲ့ရသည်။ ပြီးတော့ သူမကြားတဲ့အခါ၊ လူတွေ ဘယ်လောက်ပဲ ဝေဖန်ကဲ့ရဲ့ကြပါစေ၊ အခြားဘာပဲဖြစ်နေပါစေ၊ သူမ ဂရုမစိုက်တော့ဘူး၊ သူမတတ်နိုင်သမျှ ကိုယ်တော်ထံသို့ အမြန်ဆုံးသွားခဲ့တယ်။ ကြည့်ပါ။ ကိုယ်တော်သည် ဖော်ပြထင်ရှားလာသော နှုတ်ကပတ်တော် ဖြစ်ကြောင်း သူမသိခဲ့တယ်။

48 ဧလိယခေတ်က ဧလိယအကြောင်းကို သူမ သေချာပေါက် နားလည်ခဲ့သည်မှာ သံသယဖြစ်စရာမရှိပါ။ ကဲ၊ ဧလိယသည် ထိုခေတ်ကာလ၏ ဘုရားသခင်၏ ထင်ရှားစွာပြသခြင်းခံရသော နှုတ်ကပတ်တော်ဖြစ်ခဲ့သည်။ သူသည် ပရောဖက်တစ်ပါးဖြစ်ခဲ့ပြီး၊ ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် ပ

ရောဖက်ထံသို့ ရောက်ရှိလေ့ရှိသည်။ ပြီးတော့အဲဒီမှာ အမျိုးသမီးတစ်ယောက် ရှိတယ်၊ သူမမှာကောင်းချီးမင်္ဂလာတစ်ခုအားဖြင့် ရရှိခဲ့တဲ့ကလေးငယ်တစ် ယောက်ရှိခဲ့တယ်၊ ပရောဖက်က သူမကို ကောင်းချီးပေးခဲ့ပြီး၊ သူမမှာကလေးရှိ ခဲ့တယ်။

49 တစ်နေ့၊ နေ့လည် ၁၁ နာရီလောက်မှာ၊ သူဟာ အပူလျှပ် သွားလောက် တယ်။ သူက သူ့အဖေနဲ့အတူ လယ်ကွင်းထဲမှာ ရှိနေခဲ့တယ်၊ ကျမ်းစာက အတိအကျ အပူလျှပ် ခဲ့တာလို့တော့မပြောထားဘူး။ ဒါပေမယ့် နေ့လည် ၁၁ နာရီလောက်မှာ သူက၊ "ငါ့ခေါင်း၊ ငါ့ခေါင်း။" ဆိုပြီး ငိုကြွေးတော့တယ်။ ပြီးတော့ ကလေးအဖေမှာ အစေခံကျွန်တစ်ယောက် ရှိတယ်၊ သူငယ်ကို အိမ်ကို ပို့ဆောင် ခိုင်းလိုက်တယ်။ သူငယ်သည် မွန်းတည့်ချိန်အထိ အမိရင်ခွင်၌လှဲလျောင်းနေခဲ့ ပြီး၊ ပိုပိုပြီးနေမကောင်းဖြစ်လာကာ၊နောက်ဆုံးမှာသေဆုံးသွားပါတယ်။

50 ပြီးတော့ ယခု၊ စိတ်ပျက်အားငယ်မှုထဲ မကျသွားဘဲ၊ အိမ်နီးချင်းအားလုံး က အော်ဟစ်ငိုကြွေးလျှက် ရုတ်ရုတ်သဲသဲ ရောက်လာကြတယ်၊ ဒါပေမယ့် ထိုယုံကြည်ခြင်း၌တည်ကြည်သောမိခင်သည်၊ သူ့ကလေးငယ် သေဆုံးသွား သော်လည်း၊ ပရောဖက်အတွက် သူမပြင်ဆင်ထားတဲ့ အခန်းငယ်ထဲသို့ ကလေး ကို ချီဆောင်သွားတယ်၊ ပြီးတော့ ကလေးကို ဧလိယရဲ့ အိပ်ရာပေါ်မှာ အဲဒီလို မျိုး လှဲထားလိုက်တယ်။ ပြီးတော့ သူမက အစေခံကျွန်ကို "မြည်းတစ်ကောင် ပြင်ဆင်ပေးပါ၊ ပြီးတော့ ဖြောင့်ဖြောင့်သွားပါ၊ ငါမပြောဘဲနဲ့ ဘယ်တော့မှ မရပ် နဲ့" လို့ ပြောခဲ့တယ်။ အို၊ အံ့သြစရာ! ဒါပဲ!

51 ကျွန်တော်တို့မှာ အငြင်းအခုံစကားများဖို့ အချိန်မရှိဘူး။ ဒီနေ့က ဒီအချိန် ကျော်နေပြီ။ ဆက်သွားကြရအောင်။ ကျွန်တော်တို့ အဲဒီကို ရောက်ဖို့လိုတယ်။ ကျွန်တော်တို့မှာ လိုအပ်ချက်ကြီး တစ်ခုရှိနေတယ်။

52 ဒါကြောင့် သူမက "သင်အရှေ့ကို ဆက်သွား၊ ငါမခိုင်းဘဲနဲ့ မင်းမြင်းစီးတာ ကို ဘယ်တော့မှ မနှေးစေနဲ့" လို့ ပြောခဲ့တယ်။ ပြီးတော့ ဧလိယထံသို့ ရောက် သည့်တိုင်အောင်သူတို့သွားကြတယ်။

53 ဧလိယသည် ဘုရားသခင်၏လူဖြစ်သော်လည်း၊ ခရစ်တော်ကဲ့သို့ မဟုတ်ပေ၊ ခရစ်တော်သည် အရာခပ်သိမ်းကို သိတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်တော်က ဘုရားသခင် ဖြစ်သောကြောင့်ဖြစ်တယ်။ ဧလိယသည် ဘုရားသခင်၏ အစိတ်အပိုင်းတစ်ခု ဖြစ်ခဲ့တယ်။ ထိုအရာသည် ဧလိယအတွင်းရှိ ခရစ်တော်ပင် ဖြစ်တယ်။ ထိုအရာသည် ထိုခေတ်ကာလ၏ သတင်းစကား ဖြစ်တယ်၊ အကြောင်းမှာ ထိုအချိန်အတွက် ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် ထိုပရောဖက်နှင့်အတူ ရှိနေသောကြောင့်ဖြစ်သည်။

54 ယေရှုသည် ထိုပရောဖက်အားလုံး၏ ပြည့်စုံခြင်း ဖြစ်တော်မူတယ်။ သူတို့တစ်ယောက်ချင်းစီက ကိုယ်တော်ကိုပဲ ဖော်ပြခဲ့ကြသည်။ ဒါပါပဲ။ ယောသပ်မှ အစပြုပြီး၊ ဒွေဒဂိီးသုံးဆယ်ဖြင်၊ နေရ ရောင်းချခံရခြင်းအထိ၊ နေရာတိုင်းတွင် သူသည် ခရစ်တော်ကို ရှေ့ပြေးပုံဖော်ခဲ့တယ်။ မောရှေလည်း ထိုနည်းတူပင်ဖြစ်သည်!

55 ဒါဝိဒ်သည်၊ ငြင်းပယ်ခံရသော ဘုရင်ကဲ့သို့ တောင်ပေါ်မှာထိုင်နေရင်း၊ ငြင်းပယ်ခံရသောကြောင့် ငိုကြွေးနေခဲ့သည်။ ထို့နောက် နှစ်ပေါင်းရှစ်ရာအကြာတွင် ဒါဝိဒ်၏သားတော်သည် တောင်ပေါ်တွင် ထိုင်တော်မူခဲ့တယ်။ ထိုအရာသည် ဒါဝိဒ်ထဲ၌ရှိသော ခရစ်တော်၏ ဝိညာဉ်တော်ပင်ဖြစ်တယ်။ ပြီးတော့ ကိုယ်တော်သည်...အံ့သြစရာ! ကိုယ်တော်သည် ဒါဝိဒ်၏ အမြစ်နဲ့ ပူဇော်သက္ကာလည်း ဖြစ်တယ်။ ထို့ကြောင့် သူသည် တောင်ကုန်းပေါ်တွင် ငိုကြွေးလျက် ငြင်းပယ်ခံရသော ရှင်ဘုရင်တစ်ပါးကဲ့သို့ ထိုင်နေခဲ့တယ်။ **"အိုယေရုရှလင်မြို့၊ ယေရုရှလင်မြို့၊ ကြက်မသည် မိမိသားငယ်တို့ကို အတောင်အောက်၌ စုရုံးသကဲ့သို့ သင်၏သားတို့ကို စုရုံးစေခြင်းငှါ ကြိမ်ဖန်များစွာ ငါအလိုရှိပြီ။"** ဒါကဘာဖြစ်ခဲ့တာလဲ။ ထိုနေရာ၌ ရှိနေသောသူမှာ ခရစ်တော်ပင် ဖြစ်တယ်။

56 ဒါဟာ ဒါဝိဒ်က "အကျွန်ုပ်ဘုရား၊ အဘယ်ကြောင့် အကျွန်ုပ်ကို စွန့်ပစ်တော်မူသနည်း" ဆိုတဲ့ ဓမ္မသီချင်းကို ရေးစပ်ချိန်မှာ ခရစ်တော်သည် ထိုအရာအားဖြင့် ငိုကြွေးနေခြင်းဖြစ်တယ်။ အကျွန်ုပ်ရိုးရှိသမျှတို့ကို သူတို့စိုက်ကြည့်ကြပြီ။

သူတို့သည် အကျွန်ုပ်၏လက်နှင့်ခြေတို့ကို ထိုးဖောက်ကြပါပြီ၊ ကျွန်ုပ်အဝတ်တို့ကို ဝေခွဲကြ၏။ အကျွန်ုပ်အင်္ကျီကို စာရေးတံချကြပါ၏" ဒါဟာ ဒါဝိဒ်အားဖြင့် ခရစ်တော်ကိုယ်တိုင် မိန့်တော်မူခြင်းဖြစ်သည်။ မှန်ပေ၏။ ကိုယ်တော်သည် နှုတ်ကပတ်တော်၏ ထင်ရှားဖော်ပြခြင်း ဖြစ်တော်မူတယ်။ ခရစ်တော်သည် ပရောဖက်များအားဖြင့် မိန့်တော်မူခဲ့သော အရာများကို ပြည့်စုံစေခြင်းငှာ ကြွလာတော်မူခဲ့သည်၊ အကြောင်းမှာ နှုတ်ကပတ်တော်သည် ပရောဖက်များနှင့်အတူရှိနေခဲ့သောကြောင့်ဖြစ်တယ်။

57 ကိုယ်တော်က မနေ့ညသင်ခန်းစာမှာ ဒီလိုမိန့်တော်မူခဲ့တယ်၊ ကိုယ်တော်ဟာ ပရောဖက်တွေ ကိုယ်တော်အကြောင်း ပြောခဲ့တာတွေကို ပြည့်စုံဖို့အတွက် ကြွလာခဲ့ပြီး၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့မှာ နှုတ်ကပတ်တော် ရှိခဲ့သောကြောင့်ဖြစ်တယ်။ ဧလိယသည် ဘုရားသခင်၏ ပရောဖက်ဖြစ်ပြီ၊ ထိုနေ့ရက်၏ နှုတ်ကပတ်တော်ဖြစ်တယ်။

58 ထို့ကြောင့် ရှုနင်အမျိုးသမီးသည် ထိုပရောဖက်အနားမှာ လာပြီး ဘုရားသခင်၏ တန်ခိုးတော်ကို ထင်ရှားပြသသည်တိုင်အောင် စောင့်ဆိုင်းနေခဲ့တယ်၊ ထို့နောက် ဧလိသည် သူငယ်အပေါ်မှာ မိမိကိုယ်ကိုလှန်လျက်၊ ထိုအခါ သူငယ်သည် အသက်ပြန်ရှင်လာတယ်။

59 အခု မာသာဟာ ဒီအချက်ကို သဘောပေါက်ခဲ့မှာ သေချာတယ်၊ သူမဟာ အိမ်မှုကိစ္စတွေ၊ ပန်းကန်ဆေးတာတွေ စတာတွေနဲ့ အလုပ်များနေခဲ့ပေမယ့်လည်း။ ဒါပေမယ့် အဲဒီမှာပဲ သူမရဲ့ အစစ်အမှန်ကို သူမပြသခဲ့တယ်။ သူမရဲ့စိတ်ထဲမှာ ရှိရင်းစွဲဟာကို သူမ ထုတ်ပြနိုင်ခဲ့တယ်။ ချက်ချင်းပဲ ကိုယ်တော်ဆီ သွားခဲ့တယ်။ ဘုရားသခင်သည် ဧလိယထဲမှာ ရှိခဲ့မယ်ဆိုရင်၊ ခရစ်တော်ထဲမှာလည်း ဘုရားသခင် ရှိရမယ်၊ ဘာကြောင့်လဲဆိုတော့ ကိုယ်တော်သည် ထိုပုဂ္ဂိုလ်ဖြစ်ကြောင်းကို သက်သေပြပြီးသာဖြစ်တယ်။ အာမင်။ ဒီလို စိတ်ဆုံဖြတ်ချက်ကို ကျွန်တော် သဘောကျတယ်။ သူမသည် ကိုယ်တော်ထံသို့ သွားတယ်။ သူမသည် ကိုယ်တော်သို့ ရောက်အောင်သွားရမယ်။ ထို့နောက် သူမရောက်တဲ့

အခါ– ကိုယ်တော်ထံ ရောက်လာသောအခါ၊ အခု မှတ်ထားပါ၊ ကိုယ်တော်သည် ဘယ်တော့မှ ပြောင်းလဲခြင်းမရှိကြောင်း သူမသိရှိထားခဲ့တယ်၊ ဘုရားသခင်သည် အစီအစဉ်သည် တည်မြဲပြီး ဘယ်တော့မှ မပြောင်းလဲဘူး။ အကယ်၍ ကိုယ်တော်သည် ဧလိယထဲတွင် ရှိပြီး သေသူကို ထမြောက်စေနိုင်ခဲ့တယ်ဆိုရင်၊ ကိုယ်တော်သည် ခရစ်တော်ထဲတွင်လည်း ရှိပြီး သေသူကို ထမြောက်စေနိုင်တယ်၊ ဒါပေမယ့် ကိုယ်တော်သည် ထိုအမူကို မပြုရသေးသော်လည်း၊ ကိုယ်တော်သည် တူညီသော ဘုရားသခင် ဖြစ်တော်မူသောကြောင့်ဖြစ်တယ်။

60 ဘုရားသခင်သည် ယခုထိတိုင် မပြောင်းလဲသေးပါ။ ယခုညတွင်လည်း ယခင်ကဲ့သို့ပင် ဘုရားသခင် ဖြစ်တော်မူဆဲဖြစ်သည်။ ကိုယ်တော်သည် မနေ့၊ ယနေ့၊ နောင်ကာလ အစဉ်အမြဲမပြောင်းမလဲနေတော်မူ၏။ ကိုယ်တော်သည် ပြောင်းလဲခြင်းမရှိပါ။

61 ထိုအရာသည် ကိုယ်တော်၌ရှိတော်မူကြောင်းကို သူမသိထားသည်ကို ကိုယ်တော်သိတော်မူတယ်။ ကြည့်ပါ၊ မိနစ်အနည်းငယ်အတွင်းမှာပင် ထိုအရာကို သက်သေပြသွားတယ်၊ သူမသည် သူ့ မောင်အကြောင်း ကိုယ်တော်အား လျှောက်ထား တဲ့အခါ၊ သူမက "သခင်၊ ကျွန်မ–ကျွန်မ ယုံကြည်တယ်၊ ကိုယ်တော် ဖြစ်တယ်ဆိုတာကို" လို့ ပြောလိုက်တယ်။

62 ပြီးတော့ ကိုယ်တော်က ပြောတယ်၊ "ငါသည် ထမြောက်ခြင်းအကြောင်း အသက်ရှင်ခြင်းအကြောင်းဖြစ်၏။ သူသည်သေလွန်သော်လည်းရှင်လိမ့်မည်။ ငါ့ကို ယုံကြည်၍ အသက်ရှင်သောသူရှိသမျှတို့သည်လည်းသေခြင်းနှင့်အစဉ်မပြတ် ကင်းလွတ်ကြလိမ့်မည်။ **ငါပင် ဖြစ်၏**။" ဒါဟာ၊ **ငါပင်** ဖြစ်၏ ဆိုသော သူပဲ၊ ထိုသူသည် မောရှေနှင့်အတူ မီးလောင်တဲ့ချုံ၌ ရှိခဲ့သူပဲ။ "**ငါ**သည် **ထမြောက်ခြင်း**ဖြစ်၏။ **ငါ**သည် **အသက်**ဖြစ်၏။" ငါသည် တံတိုင်းဖြစ်တယ်။ ငါသည် ကိုယ်တော်ဖြစ်နေဆဲပင်။ ငါသည် ရှင်ပြန်ထမြောက်ခြင်းအကြောင်းနှင့် အသက်ရှင်ခြင်းအကြောင်းဖြစ်၏။ ငါ့ကို ယုံကြည်သောသူသည် သေလွန်သော်လည်း အသက်ရှင်လိမ့်မည်။ ငါ့ကိုယုံကြည်၍ အသက်ရှင်သမျှသောသူ

တို့သည် သေခြင်းနှင့်အစဉ် ကင်းလွတ်လိမ့်မည်။" ဤကဲ့သို့သော ကြီးမားတဲ့ အာမခံချက်ကို သူမရရှိပြီးနောက်၊ ကိုယ်တော်သည် ကတိတော်ပြုထားသော နှုတ်ကပတ်တော်ဖြစ်ကြောင်း သိရပြီးနောက်၊ ကိုယ်တော်က ပရောဖက်ဖြစ်လျှင် မုသားမပြောနိုင်ကြောင်း မိန့်တော်မူသောအခါ၊ ထို့ကြောင့် ကိုယ်တော်က၊ "ငါဖြစ်သည့်အတိုင်း **ငါဖြစ်၏**။ ငါသည် ထမြောက်ခြင်းနှင့် အသက်ဖြစ်သော သူ ငါပင် ဖြစ်၏။" ဟု မိန့်တော်မူတယ်။

63 သူမက၊ "ကိုယ်တော်သည် ခရစ်တော်တည်းဟူသော ဤလောကသို့ ကြွလာတော်မူသော ဘုရားသခင်၏သားတော်ဖြစ်တော်မူသည်ကို ကျွန်မ ယုံကြည်ပါ၏။" ဟု ဆိုခဲ့တယ်။ ကျွန်မမောင်သည် သေဆုံးနေပြီ၊ သခ္ဓိုင်း၌ အိပ်စက်နေပြီ၊ ယခု သူ၏ခန္ဓာကိုယ်သည် ပုပ်လျှက်ရှိနေပြီ၊ သို့သော် ယခုပင်၊ ကိုယ်တော် ပြောလျှင်ပြောသည့်အတိုင်း၊ ပြည့်စုံမည်။" မှန်ပါတယ်။

64 သူမလိုချင်တာက ကိုယ်တော် ထိုစကားကို မိန့်တော်မူသည်ကို ကြားရခြင်းပင်ဖြစ်သည်၊ အာမင်။ အိုး မာသ၊ ကျွန်တော်တို့ ဒီည ဘယ်မှာလဲ။ "နှုတ်ကပတ်တော်ကို ဟောပြောပါ။ ကျွန်တော်၏ ကျွန်သည် အသက်ရှင်လိမ့်မည်!" သူ့စကားကို နားထောင်ရုံပါပဲ။ လူတို့သည် ကိုယ်တော် ပြောတယ်ဆိုပြီး သူမအား ပြောလာခဲ့ရင်တောင်၊ ယခုမှာတော့ ကိုယ်တော်ကိုယ်တိုင် ထိုနေရာ၌ ရှိနေတော်မူတယ်။ အို ဘုရားသခင်၊ မျက်စိကန်းနေသူတို့၏မျက်လုံးများကို သူတို့ မြင်နိုင်စေရန်ဖွင့်ပေးတော်မူပါ။ ကိုယ်တော်သည်၊ မိမိ၏မျက်မှောက်တော်၌၊ နှုတ်ကပတ်တော်ကို မိန့်တော်မူသောအခါ၊ အမြဲထင်ရှားပြည့်စုံလာတယ်။

65 သူမက ပြောတယ်၊ "ဘုရားသခင်ကို သင်တောင်းလျှောက်သမျှကို ဘုရားသခင်ပေးတော်မူလိမ့်မည်။ ကျွန်ုပ်နားထောင်ပါရစေ။" သူမသည် ကိုယ်တော်က နှုတ်ကပတ်တော်ကို မိန့်တော်မူခြင်းကိုသာ ကြားချင်နေတာပါ။ သူမကြားချင်တာ အဲဒီတစ်ခုပဲဖြစ်တယ်။ နှုတ်ကပတ်တော်ကိုသာ ရရှိဖို့လိုတယ်၊ကိုယ်တော်က ငါပြုမည်ဟု မိန့်တော်မူသံကို သူမ ကြားချင်ခဲ့သည်။

66 ထိုအချိန်မှာပင် ကိုယ်တော် ပြုလုပ်နိုင်ခဲ့ပေမယ့်၊ ဒါပေမယ့်၊ မြင်လား၊

ခမည်းတော်က ကိုယ်တော်အား ပြသတော်မူသော ရူပါရုံအတိုင်းသာ ဆောင်ရွက်ခဲ့တယ်၊ ကိုယ်တော်ဟာ သခ္ဏိုင်းဂူဘေးမှာ ရပ်နေတယ်။ အို၊ အံ့ဖွယ်ပါပဲ။ သင့်ယုံကြည်ခြင်းကို ဆုပ်ကိုင်ထားပါ။ ဘုရားသခင်ဟာ အရာအားလုံးကို မှန်ကန်စွာ လုပ်ဆောင်နေပါတယ်။ အဆင်ပြေသွားမှာပါ။ သူမ သခ္ဏိုင်းဂူရောက်သည်အထိ စောင့်လိုက်ပါ။

67 သတိပြုပါ၊ ကိုယ်တော် ပြောမယ့်အသံကို သူမကြားရရုံနဲ့တင် လုံလောက်တယ်၊ ဘယ်လိုအခြေနေပဲဖြစ်ဖြစ်...မျှော်လင့်ချက်အားလုံး ကုန်ဆုံးနေချိန်၊ ဘာမှမကျန်တော့တဲ့ အချိန်မှာတောင်။ သူသေဆုံးနေပြီ၊ သခ္ဏိုင်းထဲမှာ ပုပ်နေချိန်မှာတောင်၊ ကိုယ်တော်၏ မိန့်တော်မူသောစကားကို ကြားရုံသာ၊ သူမအတွက် လုံလောက်သည်။

68 အခု ကိုယ်တော်က၊ "ငါသည် ထမြောက်ခြင်းနှင့် အသက်ရှင်ခြင်းဖြစ်၏" ဟု မိန့်တော်မူသောအခါ၊ သူမယုံကြည်ခဲ့တယ်။ သူမယုံကြည်ခဲ့တယ်။ အခု သတိပြုကြည့်ပါ၊ သူမဟာ မဖြစ်နိုင်တာတွေအတွက် ယုံကြည်ရတော့မယ်၊ ကိုယ်တော်က၊ "ငါသည် ထမြောက်ခြင်းနှင့် အသက်ဖြစ်၏။ သူသည် သေလွန်သော်လည်း အသက်ရှင်လိမ့်မည်၊ အသက်ရှင်၍ ငါ့ကို ယုံကြည်သောသူသည် သေလွန်သော်လည်း ရှင်လိမ့်မည်။" မိန့်တော်မူတယ်၊ "ဤအရာကို ယုံကြည်ပါသလား။"

69 ထိုအခါ သူမက၊ "ဟုတ်ကဲ့ သခင်၊ ကျွန်မ ယုံကြည်ပါတယ်" လို့ ဖြေတယ်။ ကိုယ်တော်သည် ဤလောကသို့ ကြွလာမည့် ဘုရားသခင်၏သားတော်ဖြစ်ကြောင်း ကျွန်ုပ်ယုံကြည်ပါသည်" ကျွန်တော် ဒါကိုကြိုက်တယ်။ ကျွန်တော် ဒါကိုကြိုက်တယ်။

70 ကျွန်တော်—ဒါကို ကျွန်တော် အရင်ကလည်း ပြောဖူးပါတယ်။ အခုလည်း ပြန်ပေါ်လာနိုင်ပါတယ်။ မကြာသေးခင်က အမျိုးသမီးတစ်ယောက်နဲ့ စကားပြောဖြစ်ခဲ့တယ်၊ အဲဒါက ခဏက ကျွန်တော်ပြောခဲ့တဲ့ ဘုရားကျောင်းတစ်ခုပါ သူတို့က ကိုယ်တော်ဟာ ဘုရားသခင်ဖြစ်တယ်၊ ဘုရားသဘောရှိတယ်ဆို

တာကို မယုံကြည်ဘူး၊ ကိုယ်တော်ဟာ ပရောဖက်တစ်ယောက်၊ သာမန်လူတစ်ယောက်သာလို့ ယူဆကြတယ်။

71 သူသည် ထိုအရာပင် အမှန်တကယ်ဖြစ်ခဲ့တယ်၊ သို့သော်သူသည် ထိုအရာသာမက၊ ဘုရားသခင်လည်း ဖြစ်တော်မူတယ်။ မြင်လာ၊ သူသည် ဘုရားသခင်၏ ထင်ရှားဖော်ပြခြင်းဖြစ်တော်မူတယ်။ ယေရှုသည် လူခန္ဓာ၊ ကလေးသူငယ်၊ လူသားအဖြစ် ပေါ်ထွန်းတော်မူခဲ့သည်။ ဘုရားသခင်သည် ကိုယ်တော်ထဲ၌ ကျိန်းဝပ်တော်မူသည်။ ကိုယ်တော်သည်ဘုရား–လူသား ဖြစ်တော်မူသည်။ ကိုယ်တော်သည် လူသားတစ်ဦးဖြစ်သော်လည်း လူဇာတိခံယူ၍ ပေါ်ထွန်းတော်မူသော ဘုရားသခင်ဖြစ်တယ်။ ယေရှုကို မြင်သောအခါ ဘုရားသခင်ကို မြင်ရ၏။ ကိုယ်တော်က ဒီလိုပြောတယ်၊ "ခမည်းတော်ကိုမြင်သောအခါ...ငါ့ကိုမြင်လျှင်၊ ခမည်းတော်ကိုလည်း မြင်၏။" ဘာဖြစ်လို့လဲဆိုတော့၊ ကိုယ်တော်သည် ထင်ဟပ်မှုပုံရိပ် ဖြစ်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်တော်သည်နှုတ်ကပတ်တော်ဖြစ်တယ်၊ အာမင်၊ အစအဦး၌ရှိတော်မူသော နှုတ်ကပတ်တော်ဖြစ်တယ်။ အာမင်။

72 ကိုယ်တော်သည်ပရောဖက်တွေကို၊ "ဘုရား။" လို့ ခေါ်တော်မူခဲ့တယ်။ ဒါကိုသင်သိလား။ ကိုယ်တော်က၊ "ဘုရားသခင်၏ နှုတ်ကပတ်တော်ကို လက်ခံသူများကို သင်တို့က 'ဘုရား' လို့ ခေါ်ကြတယ်။ နှုတ်ကပတ်တော်ထင်ရှားသော 'ငါသည် ဘုရားသခင်၏သားတော်' လို့ ပြောတဲ့အခါ သင်တို့ ဘာကြောင့် ငါ့ကို ပြစ်တင်နေကြတာလဲ'။" လို့ မေးတော်မူတယ်။

73 အကြောင်းမှာ၊ ထိုနှုတ်ကပတ်တော်ကပင် ကိုယ်တော် ပေါ်ထွန်းမည်ဟု မိန့်တော်မူခဲ့ပြီး၊ ယခုလည်း ထိုနှုတ်ကပတ်တော်သည် တစ်ဖန်ထင်ရှားလျက်ရှိသောကြောင့် ဖြစ်သည်။ ဒါတောင် သူတို့ မယုံကြည်ကြသေးပါ။

74 ဒီအမျိုးသမီးသည်ကျွန်တော့်ကို၊ "ကျွန်မသက်သေပြနိုင်တယ်။" လို့ပြောခဲ့တယ်။ ပြောတယ်၊ "သင်ဟောတာကိုကျွန်မနားထောင်တာကြိုက်တယ်၊ ဒါပေမယ့်တစ်ခုတော့သင်လွန်လွန်းတယ်။"

"ကောင်းပြီ၊ ထိုအရာကဘာလဲ။"

"သင်ယေရှုအကြောင်းဝါကြွားလွန်းတယ်။" လို့ပြောတယ်။

75 ကျွန်တော်က၊ "ကိုယ်တော် ကြွလာတဲ့အခါ ကျွန်တော့်အပေါ် အပြစ်တင်စရာ ဒီတစ်ခုပဲရှိမယ်လို့ မျှော်လင့်ပါတယ်။" လို့ ပြောလိုက်တယ်။ သူမက... ကျွန်တော်က၊ "သူရှာတွေ့နိုင်တဲ့ ကျွန်တော့်အမှားက ဒီလောက်ပဲဖြစ်မယ်လို့ မျှောလင့်ပါတယ်။" လို့ ပြောလိုက်တယ်။ ကျွန်တော်၊ "ကျွန်တော့်မှာ လျှာတစ်သောင်းရှိရင်တောင်၊ အို၊ အံ့သြစရာ၊ ကိုယ်တော်ဘယ်လောက်ကြီးမြတ်သလဲဆိုတာကို ပြောဖို့ လုံလောက်မှာမဟုတ်ဘူး။" လို့ ဆိုလိုက်တယ်။

သူမကပြောတယ်၊ "ဒါပေမယ့်၊ သင်၊ သင်က သူ့ကို ဘုရားလိုဖြစ်အောင် ပြောနေတယ်။" လို့ ပြန်ပြောတယ်။

76 ပြောတယ်၊ "သူဘုရားသခင်ပဲ။ မဟုတ်ရင်လည်း၊သူသည်ကမ္ဘာမှာ အကြီးဆုံးလှည့်စားသူ ဖြစ်လိမ့်မယ်လို့ပြောခဲ့တယ်။"

သူမက၊ "သူသည် ပရောဖက်တစ်ပါးပါ။" လို့ပြောလိုက်တယ်။

77 ကျွန်တော်ကပြောလိုက်တယ်၊ "သူဟာ ပရောဖက်တစ်ပါးပါ၊ အဲဒါမှန်ပါတယ်။ ဘုရားသခင်ရဲ့ ပရောဖက်တစ်ပါး၊ နှုတ်ကပတ်တော်ရဲ့ ပြည့်စုံခြင်းပဲ။ ပရောဖက်ဆိုသည်မှာ နှုတ်ကပတ်တော် သူ့ထံသို့ ရောက်လာခဲ့သည်၊ ထိုအရာက သူ့ကို ဖြစ်စေသည်—သူ့ကို ပရောဖက်တစ်ပါးဖြစ်စေတယ်။ သို့သော် ကိုယ်တော်သည် ထိုနှုတ်ကပတ်တော်၏ ပြည့်စုံခြင်း ဖြစ်တော်မူတယ်"

78 ပြီးတော့ သူမက၊ "ကျွန်မ သက်သေပြနိုင်တယ်။" လို့ပြောပြီး။ "သင်က သူ့ကို ဘုရားသဘောတော်ရှိသူလို့ ပြောဆိုနေကြတာပဲ။"

ကျွန်တော်က၊ "သူသည် ဘုရားဖြစ်တယ်။" လို့ ပြောလိုက်တယ်။

ထိုအခါ သူမက၊ "သူဟာ ဘုရား မဖြစ်နိုင်ပါဘူး။" လို့ ပြောတယ်။

ကျွန်တော်က၊ "သူက...လူသားဖြစ်ပေမယ့် ဘုရားဖြစ်တယ်။" လို့ ပြောလိုက်တယ်။

သူမက၊ “သင် ကျမ်းစာကို ယုံကြည်တယ်လို့ ပြောခဲ့တယ်။” လို့ ပြောတယ်။

ကျွန်တော်က၊ “ယုံကြည်ပါတယ် လို့ပြောတယ်။”

79 သူမက၊ “သင့်ရဲ့ကျမ်းစာကိုပဲ သုံးပြီး သူသည် ဘုရားမဟုတ်ကြောင်း ကျွန်မ သက်သေပြမယ် လို့ပြောတယ်။”

80 ကျွန်တော်ကလည်း၊ “ပြလိုက်ပါ။ သမ္မာကျမ်းစာက ထိုသို့ဆိုလျှင်၊ ကျွန်တော် ယုံကြည်မယ်၊ ဘာကြောင့်လဲဆိုတော့ နှုတ်ကပတ်တော်သည် မှန်ကန်ကြောင်း ကျွန်တော်ယုံကြည်လို့ပါ။” လို့ ပြောလိုက်တယ်။

81 သူ၊ “လာဇရုဿသချိုင်းသို့ သွားသောလမ်း၌၊ ယောဟန်ခရစ်ဝင် ၁၁ မှာ ရေးထား သည့်အရာ သင်မှတ်မိလား။” လို့ သူမက ပြောတယ်။

ကျွန်တော်က၊ “လုံးဝ မှတ်မိပါတယ်၊ မဒမ်။” လို့ ဖြေလိုက်တယ်။

82 သူမက၊ “ကောင်းပြီ၊ ယခု လမ်းခရီးတွင် ကိုယ်တော် ဝိုကြွေးခဲ့တယ်။ ကျမ်းစာက၊ **‘ယေရှုသည်မျက်ရည်ကျတော်မူ၏။’**” လို့ဆိုထားတယ်။

ကျွန်တော်က၊ “ဟုတ်ပါတယ်၊ ကျမ်းစာက ယေရှုမျက်ရည်ကျတယ်လို့ ဆိုထားတယ်။”

သူမက၊ “သူသည် မည်သို့ ဘုရားသခင်ဖြစ်ပြီး ဝိုကြွေးနိုင်မည်နည်း။”

ကျွန်တော်က၊ “သူဟာ လူသားတစ်ယောက်ပါ။”

“လူသားနဲ့ ဘုရားသဘောရှိသူတစ်ပြိုင်နက်ထဲလား”

83 “ဟုတ်ကဲ့၊ အမျိုးသမီး။” လို့ ပြန်ဖြေလိုက်တယ်။ သင်မမြင်တတ်သေးဘူး။ ကိုယ်တော်သည် လမ်း၌သွားလျှောက်၊ ဝိုကြွေးသူများနှင့်အတူ ဝိုကြွေးတော်မူသော လူသားဖြစ်သည်၊ မှန်ပါတယ်၊ ဝမ်းနည်းပူဆွေးနေသူတွေနဲ့အတူ ဝမ်းနည်းပူဆွေးတယ်။ သူဟာ လူသားတစ်ယောက်ပါ။ ဒါပေမယ့် အားနည်းသော ကိုယ်ခန္ဓာကို မတ်တတ်ရပ်ပြီး၊ ‘လာဇရု၊ ထွက်လာလော့။’ ဟု မိန့်တော်မူတဲ့အခါ၊ လေးရက်တိုင် သေပြီးသောသူသည် သူ့ခြေထောက်ပေါ် ရပ်လာ

တယ်။ ထိုအမူသည် လူသားတစ်ယောက်ထက် ပိုတယ်၊ ဒါဟာ လူသားအတွင်း၌ ဘုရားသခင် ရှိတော်မူခြင်းဖြစ်တယ်။" သေသောသူကို အဘယ်သူ ထမြောက်စေနိုင်မှာလဲ၊ ဘုရားသခင်မှ တစ်အပါးအခြားမရှိ။ ကိုယ်တော်သည် ထမြောက်ခြင်းအကြောင်း၊ အသက်ရှင်ခြင်းအကြောင်း ဖြစ်တော်မူ၏။ မှန်တယ်။

84 အဲဒီည ပင်လယ်ပြင်ပေါ်မှာ၊ ကိုယ်တော်သည် အလွန်ပင်ပန်းနေပြီး၊ လှေနောက်ဖက်၌ လှဲနေတုန်း၊ ထိုညဉ့် သူ့ကို ရေနှစ်မြှုပ်စေမည်ဟု နတ်ဆိုးတစ်သောင်းတို့က ကျိန်ဆိုကြတယ်၊ ဒါ့အပြင် သေးငယ်ဟောင်းနွမ်းနေတဲ့ လှေလေးဟာ မုန်တိုင်းထန်နေတဲ့ ပင်လယ်ထဲမှာ ပုလင်းဖုံးကဲ့သို့ လှုပ်ခပ်လှုပ်ရှိနေတယ်။ နတ်ဆိုးတွေက၊ "ယခုတော့ သူ့ကို ငါတို့အနိုင်ရပြီ။ သူ အိပ်ပျော်နေပြီ။ သုတို့ အဖွဲ့တစ်ခုလုံးကို နှစ်မြှုပ်ပစ်မယ်။" လို့ ဆိုကြတယ်။ အို၊ ကိုယ်တော်ဟာ လူသားပါ၊ ပင်ပန်းနေတယ်၊ ဒါပေမယ့် တစ်ချက်နိုးလာတာနဲ့၊ သူ့ခြေကို လှေစည်းကြိုးပေါ်မှာ မှောက်ထားပြီး၊ အထက်သို့ ကြည့်ကာ၊ "တိတ်ဆိတ် ငြိမ်ဝပ်စွာနေကြလော့" ဟု မိန့်တော်မူ၏၊ လေနဲ့လှိုင်းတွေက ကိုယ်တော်၏ စကားကို နာခံကြတယ်။ ဒါဟာ လူသားထက် ကြီးမြတ်သောအရာဖြစ်တယ်။

85 ကိုယ်တော်သည် ဆာလောင်မွတ်သိပ်သောအခါတွင် လူသားတစ်ဦးဖြစ်တော်မူတယ်။ တောင်ပေါ်ကဆင်းလာပြီး ဆာလောင်၍၊စားစရာတစ်ခုခု၊ မုန့်တစ်ဖဲ့ဖြစ်စေ၊ ဒါမှမဟုတ် သဖန်းပင်မှ အသီးတစ်လုံးဖြစ်စေ ရှာနေတယ်။ ဒါပေမယ့် မုန့်ငါးလုံးနဲ့ ငါးနှစ်ကောင်ကို ယူပြီးလူငါးထောင်ကို ကျွေးမွေးတဲ့အခါ၊ ထိုအရာသည် လူသားထဲက ဘုရားသခင်ပဲ။ မှန်တယ်။

86 အို၊ တန်ဖိုးရှိသော အရာတစ်ခုကို ရရှိသောသုတိုင်းက အဲဒါကို ယုံကြည်ခဲ့ကြတယ်၊ ကဗျာဆရာအပေါင်းလည်း ထိအရာကို ယုံကြည်ခဲ့ကြတယ်။ ထို့ကြောင့် တစ်ယောက်က ရေးခဲ့တာလည်းအံ့သြစရာမရှိပါဘူး၊

> ရှင်သန်စဉ်၊ သခင်သည်ကျွန်ုပ်ကိုချစ်တော်မူသည်၊ သေခြင်း၌၊ သခင်သည်ကျွန်ုပ်ကိုကယ်တင်တော်မူသည်၊
> သင်္ဂြိဟ်ခြင်း၌၊ကျွန်ုပ်၏အပြစ်များကိုဝေးရာသို့

သယ်ဆောင်သွားတော်မူသည်၊
ထမြောက်ခြင်း၌၊ ထာဝရလွတ်ငြိမ်းစေတော်မူသည်၊
နေ့တစ်နေ့၌ ကြွလာတော့မည်– အိုး၊ ဘုန်းအသရေရှိ
သောနေ့။

87 အက်ဒီပဲရိုနက်၊ သူ့ဓမ္မသီချင်းတွေရောင်းမရခဲ့သူ။ တစ်နေ့၊ သန့်ရှင်းသော ဝိညာဉ်တော်၏ သက်ရောက်မှုအောက် ယိမ်းယိုင်လျက်၊ သူကလွှတ်တစ်ချောင်းကိုဆုပ်ကိုင်လိုက်ပြီး၊ သူရေးခဲ့သည့်အခါ ထိုစည်းဝေးပွဲ၏အဖွင့်သီချင်းကို ရေးသားခဲ့တယ်၊

ယေရှု၏နာမတော်၏ တန်ခိုးတော်ကို အားလုံး ကြိုဆို
ပါ၏။
ကောင်းကင်တမန်တို့ ရှိခိုးပျိပ်ဝပ်စေကြလော့၊
မြင့်မြတ်သောသရဖူကို ဆောင်ကြဉ်းလာကြလော့၊
သူ့ကို အရာအားလုံး၏ အရှင်သခင်အဖြစ် သရဖူဆောင်း
ကြလော့။ (ဟာလေလုယား)

88 ဟုတ်ပါတယ်၊ အဲဒါကကျွန်တော်တို့ ယုံကြည်တဲ့အတိုင်းပါပဲ။ ဟုတ်ကဲ့ပါ။

89 သူမဟာ အခု မဖြစ်နိုင်တာတွေအတွက်၊ အဲဒီခေတ်ရဲ့အတွေးအခေါ်တွေကိုယုံကြည်ရမယ်။ ဒါကြောင့်မဖြစ်နိုင်တဲ့အရာတွေအတွက်၊ ဘဝသစ်ကိုမြင်တွေ့ဖို့၊ တစ်ခုခုဖြစ်လာတာကို မြင်တွေ့ဖို့ယုံကြည်ရမှာပါ။ ဒါပေမယ့် အကယ်၍ကိုယ်တော်က အသိအမှတ်ပြုတော်မူရင်...သူမအားကိုယ်တော်သည် နှုတ်ကပတ်တော်ဖြစ်တယ်လို့ အသိအမှတ်ပြုရင်၊ မဖြစ်နိုင်တာတွေဖြစ်လာနိုင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ကိုယ်တော်သည်ဖန်ဆင်းရှင်ဖြစ်တယ်၊ ပြီးတော့ကိုယ်တော်ပြောခဲ့တဲ့ စကားတိုင်းကိုသစ္စာရှိရှိ အကောင်အထည်ဖော်မှာမို့ပါ။

90 "ယုံကြည်နိုင်သူတို့အတွက်အရာခပ်သိမ်းကို တတ်နိုင်သည်။" ဒါက ကိုယ်တော်ရဲ့ နှုတ်ကပတ်တော်ပါ။ ဒါပေမယ့် ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်ကို ယုံကြည်စွာ ကိုင်စွဲသောအခါ၊ မဖြစ်နိုင်သောအရာများပင် ထင်ရှားလာ

တယ်။ ဟုတ်ကဲ့ပါ။ဆရာ၊ ဘုရားသခင်၏နှုတ်ကပတ်တော်ကိုစွဲကိုင်ယုံကြည်သောအခါ၊ မဖြစ်နိုင်သောအရာတွေအား—ပေါ်လွင်ထင်ရှားလာတတ်သည်။ ဘုရားသခင်က ဖြစ်လိမ့်မယ်လို့ မိန့်တော်မူသည်အခါ၊ ထိုနှုတ်ကပတ်တော်ကို ကိုင်စွဲထားပြီး ကြည့်လိုက်ပါ၊ မဖြစ်နိုင်ဟု ထင်ရသောအရာများပင် ဖြစ်ပေါ်လာလိမ့်မည်။ တကယ်ဖြစ်လာလိမ့်မယ်။

91 ဒါပေမယ့် သတိပြုပါ၊ အဲဒါအားလုံးထဲမှာ သူမက၊ "ယခုပင်လျှင်၊ ကိုယ်တော်သည် ဘုရားသခင်ကို တောင်းလျှောက်သမျှကို ဘုရားသခင်သည် ပြုတော်မူလိမ့်မည်။" လို့ပြောခဲ့တယ်။ ထိုနှုတ်ကပတ်တော်ကို ဘုရားသခင်ထံမှ ရရှိနိုင်သည်ကို သူမသိပြီး။ သူမလုပ်ရမှာက နှုတ်ကပတ်တော်ကို ရယူရန်ဖြစ်သည်။ ဟုတ်ပါတယ်၊ ထိုအချိန်သည် သူမရဲ့ အမှောင်ဆုံးအချိန်ဖြစ်ခဲ့တယ်၊ ဒီအချိန်မှာပဲ ယေရှုရောက်လာပြီး ခေါ်တော်မူတယ်။ အိုး၊ သူတို့မြင်လိုက်ရတဲ့ အရာကရှင်ပြန်ထမြောက်ခြင်းပါ။

မှောင်မိုက်တဲ့အချိန်တွေ ဘယ်ကိုရောက်လာလဲဆိုတာ နည်းနည်းလောက်ကြည့်ကြရအောင်။

92 တစ်ချိန်က သမ္မာကျမ်းစာထဲမှ ရှေးအကျဆုံး ပရောဖက်တွေထဲက တစ်ယောက်ဖြစ်သည့် ယောဘလို့ အမည်ရှိသော လူတစ်ယောက် ရှိခဲ့တယ်။ သူဟာ ကြီးမားသော ပုဂ္ဂိုလ်တစ်ပါးဖြစ်တယ်။ သူသည်—သူသည် ထာဝရဘုရားကို ချစ်မြတ်နိုးခဲ့ပြီး၊ သူသိသမျှအတိုင်း လုပ်ခဲ့တယ်။ ဒါပေမယ့် စာတန်က သူ့ကို လှုပ်ခါဖို့ စိတ်ဆန္ဒရှိခဲ့တယ်၊ ဒါကြောင့် တစ်နေ့တွင် စာတန်က ဘုရားသခင်ကို...ဟုတ်ပါတယ်၊ ဘုရားသခင်က စာတန်အား၊ "စာတန်၊ သင်သည်ဘယ်အရပ်က လာသနည်း" ဟုမေးတော်မူတယ်၊

93 စာတန်က၊ "အို၊ မြေကြီးပေါ်မှာ လှည့်လည်၍၊ အရပ်ရပ် သွားလာခြင်းအမူထဲကလာနေတာ။" လို့ ပြောတယ်။

94 ကိုယ်တော်က "ငါ့ကျွန်ယောဘကိုဆင်ခြင်ပြီလော။ မြေကြီးပေါ်မှာသူနှင့်တူသောသူ တယောက်မျှမရှိ။ စုံလင်ဖြောင့်မတ်ပေ၏။"

95 သူက "အိုး၊ သေချာတာပေါ့၊ ကိုယ်တော်က သူ့ကို အရာအားလုံးပေးထားတယ်၊ သူ့အတွက် အရာအားလုံးလုပ်ပေးထားတယ်။ သေချာပေါက်၊ သူကြီးမြတ်တဲ့လူတစ်ယောက်ပါပဲ။ ဒါပေမယ့် ကျွန်တော် သူ့ကို စမ်းသပ်ခွင့် တစ်ကြိမ်ပေးလိုက်ပါ၊ ကျွန်တော် သူ့သံစဉ်ကို ပြောင်းလိုက်မယ်။ ကျွန်တော် သူ့ကို ကိုယ်တော့်ရှေ့မှောက်မှာပဲ ကိုယ်တော့်ကို ကျိန်ဆဲအောင်လုပ်မယ်။"

96 ကိုယ်တော်က "မင်းမလုပ်နိုင်ဘူး" လို့ မိန့်တော်မူတယ်။ ဒါဟာ ယုံကြည်သူအပေါ် ကိုယ်တော်ရဲ့ ယုံကြည်မှုပါပဲ။ ဘာကြောင့်လဲ။ ကိုယ်တော်သည် အနန္တတန်ခိုးရှင်ဖြစ်တယ်။ ကိုယ်တော်သည် ထာဝရဖြစ်တယ်။ အစမှအဆုံးအထိ ကိုယ်တော်သိတယ်။ စာတန်မလုပ်နိုင်မှန်း ကိုယ်တော်သိတယ်။ ဘာဖြစ်လို့လဲဆိုတော့၊ ကိုယ်တော်သည် နှုတ်ကပတ်တော်ဖြစ်တယ်၊ ယောဘဘာလုပ်မယ်ဆိုတာ ကိုယ်တော်သိတယ်။

97 အခု ယောဘကို ကြည့်ပါ၊ သူ၏ခြေမှဦးထိပ်တိုင်အောင် အနာစိမ်းများပေါက်စေတယ်၊ သူ့ သားသမီးတို့ကိုလည်း ဆုံးရှုံးစေတယ်၊ သူ့မှာရှိတဲ့အရာအားလုံးကို ယူခဲ့တယ်။ သူ့ကျန်းမာရေး ချို့ယွင်းသွားတယ်။ သူ့ကို နှစ်သိမ့်ပေးသူတွေ ရောက်လာပြီး သူ့ကို လျှို့ဝှက်အပြစ်သားလို့ စွပ်စွဲရုံကလွဲလို့ ဘာမှ မတတ်နိုင်ကြဘူး။ ဒါကြောင့် ယောဘကြီးဟာ စိတ်ပျက်အားလျော့မှု အလွန်ကြီးမားသည့် အခြေအနေထိ ရောက်သွားခဲ့တယ်။

98 သင် စိတ်ပျက်အားလျော့မှု ခံစားရဖို့ အရင်လိုတယ်။ သင် လမ်းဆုံးရောက်နေတဲ့ အချိန်မျိုး ရောက်ရမယ်။

99 ယောဘသည် လမ်းဆုံးရောက်နေချိန်မှာ၊ "ငါဘွားသော နေ့ရက်ပျက်စီးပါစေ။" လို့ပြောခဲ့တယ်။ နေသည် ထိုနေ့၌ မထွန်းလင်းပါစေနှင့်။ ညဉ့်အခါ၌လည်း လသည် မထွန်းလင်းပါစေနှင့်။ ထိုနေ့ကို မည်သူမျှ မမှတ်မိစေနှင့်။" ဒီလို စိတ်ပျက်အားလျော့နေချိန်မှာ၊ ယေရှု ရောက်လာတယ်။ ဘုရားသခင်က အောက်သို့ကြည့်တော်မူပြီး၊ "ငါမြင်တယ်၊ လူသားအနေနဲ့၊ ပန်းတစ်ပွင့်သေသွားတယ်၊ နွေဦးရာသီမှာ ပြန်ပေါက်လာတယ်။ သစ်ပင်ကိုခုတ်သော်လည်း၊ ရေငွေ့

ကြောင့် ပြန်တက်ပေါက်၏။" ဘုရားသခင်သည် သဘာဝ၏ သက်ရှိအပင်များ အားလုံး ပြန်ရှင်သန်လာပုံကို မြင်တော်မူသော်လည်း၊ "လူသည်အသက်ချုပ်ပြီး သူ၏ဝိညာဉ်ပေးအပ်သောအခါ၊ သူသည် အဘယ်မှာရှိသနည်း။" ဟု မေးလေ၏။ သူသည် အသက်အရွယ်ကြီးရင့်နေသော သူတစ်ဦးဖြစ်ကြောင်း သိမြင်ခဲ့တယ်။ ကိုယ်တော်က၊ "သူ၏သားတို့သည် ဝမ်းနည်း၍ ငိုကြွေးရန်လာကြသော်လည်း၊ သူသည် ထိုအရာကို မသိမြင်နိုင်တော့ပေ။" လို့ မိန့်တော်မူတယ်။ **ကိုယ်တော်သည် အကျွန်ုပ်ကို သရဲ့ငိုးတွင်း၌ ဝှက်ထားတော်မူပါစေ။ အမျက်တော်မလွန်မှီတိုင်အောင် ကွယ်ကာတော်မူပါစေ။** အချိန်တစ်ခုချိန်းပြီး အချိန်သတ်မှတ်လိုက်ပါ။ ကျွန်တော်တို့ သွားခဲ့ကြတယ်..." ဆိုပြီး အဲဒီလို စကားဆက်ပြောနေတယ်။ သူ စိတ်ပျက်အားလျော့မှု အဆုံးစွန်ရောက်နေချိန်မှာ၊ "ဘာဖြစ်လာမလဲ။" အရွက်တွေရှင်သန်တယ်၊ သစ်ပင်တွေမှာ ပြန်ပေါက်လာတယ်၊ ပန်းတွေလည်း ပြန်ပွင့်လာတယ်၊ အရာအားလုံး ပြန်ထွက်လာတယ်၊ ဒါပေမယ့် လူသားတစ်ယောက် အသက်ချုပ်ပြီး ဝိညာဉ်ကို စွန့်လွှတ်လိုက်တယ်။" သူ စိတ်ပျက်အားလျော့နေတယ်။ သူ့အသက်အရွယ်မှာ သူ့ဆီ ဘာဖြစ်နိုင်မလဲဆိုတာ သူမသိခဲ့ဘူး။

100 ဒီလိုအခြေအနေမှာ ယေရှု ရောက်လာတယ်။ ဘုရားသခင်သည် သူ့ခေါင်းကို ကောင်းကင်သို့ ညွှန်ပြတော်မူပြီး နောက်ဆုံးသောနေ့ရက်များတွင် ယေရှုကြွလာမည်ကို သူမြင်ခဲ့တယ်။

101 အဲဒီအမှောင်မိုက်ဆုံးအချိန်မှာ သူမယားက "ဘုရားသခင်ကိုကျိန်ဆဲပြီးသေလိုက်ပါ" လို့ပြောတဲ့အချိန်မှာတောင်၊ သူက ပြောခဲ့တယ်, "မိန်းမမိုက်ပြောတတ်သကဲ့သို့ သင်သည်ပြော၏။ ထာဝရဘုရားပေးတော်မူပြီး၊ ထာဝရဘုရားယူတော်မူတယ်၊ ထာဝရဘုရား၏နာမတော် ကောင်းကြီးခံစားရပါစေ။" သူမယားတောင် သူ့ကိုစွန့်လိုက်တယ်။ သူ့အသင်းတော်ကလည်း သူ့ကိုစွန့်လိုက်တယ်။ လူတိုင်းက သူ့ကိုစွန့်လိုက်ကြတယ်။

102 ဒီလို အမှောင်မိုက်ဆုံးအချိန်၊ သူဘယ်ကိုဆက်သွားရမှန်းမသိတဲ့အခိုက်မှာ၊

ယေရှုက ရောက်လာတော့တယ်။ **ပြီးတော့ သူက အော်ဟစ်လိုက်ပြီး၊ "ငါ့ကို ရွေးနှုတ်သောသခင်သည် အသက်ရှင်၍၊ နောင်ကာလ၌ မြေမှုန့်အပေါ်မှာ ပေါ်လာတော်မူမည် ဟူ၍ငင်း၊ ငါ့အရေကုန်ပြီးမှ ဤကိုယ်ကိုပင် ဖျက်ဆီးသော်လည်း၊ ငါသည်ကိုယ်ခန္ဓာ၌ ဘုရားသခင်ကိုမြင်မည်ဟူ၍ ငင်း ငါသိ၏။"** သူ့ရဲ့ အမှောင်ဆုံးအချိန်မှာ၊ ယေရှု ရောက်လာတယ်။ ဟုတ်ကဲ့ ဆရာ။

103 မောရှေအတွက်၊ ဣသရေလလူမျိုးအတွက် အမှောင်မိုက်ဆုံးအချိန် ရောက်လာခဲ့တယ်။ သူသည် ဘုရားပေးသောတာဝန်လမ်းကြောင်းထဲမှာ မှန်ကန်စွာရှိနေချိန်၊ မီးလောင်နေသောချုံ၌ ဘုရားသခင်နဲ့တွေ့ပြီး၊ **"ငါဖြစ်သည့်အတိုင်းငါဖြစ်တယ်။"** လို့ မိန့်တော်မူတယ်။ သူဆင်းသွားပြီး ယန္နေနှင့် ယံဗြေတို့ရဲ့ အမျိုးမျိုးသော အတုအယောင်လုပ်ငန်းတွေကို တိုက်ထုတ်ခဲ့တယ်၊ သူ့အလုပ်ကို အတုခိုးဖို့ကြိုးစားနေတဲ့သူတွေပေါ့။ ဒါတွေအားလုံးကြားမှာ၊ သူ ဘုရားသခင်ကို သစ္စာရှိရှိရပ်တည်ခဲ့တယ်။ နောက်ဆုံးမှာ ဣသရေလလူတွေကို ယုံကြည်အောင် လုပ်နိုင်ခဲ့တယ်။ ပြီးတော့ သူ အဲဂုတ္တုကနေ ထွက်လာပြီး၊ ကတိတော်ပြည်သို့ တက်သွားတယ်၊ အဲဒီမှာ ဘုရားသခင်က "ဤတောင်ပေါ်မှာ ငါ့ကို ကိုးကွယ်ရလိမ့်မည်။" အဲဒါက ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်ဖြစ်တယ်။ မောရှေသိတယ်၊ သူဒီတောင်ကိုရောက်ရမယ်ဆိုတာ။ အာမင်။ ဘုရားသခင်က ဒီလိုမိန့်တော်မူတယ်။ ဖာရောဘုရင်လည်း သူ့ကိုမသတ်နိုင်ဘူး။ နတ်ဆိုးလည်း သူ့ကိုမသတ်နိုင်ဘူး။ ဘာမှ သူ့ကိုမသတ်နိုင်ဘူး။ သူ အဲဒီတောင်သို့ရောက်လာနေပြီ။ အာမင်! ဟာလေလုယား! ကျွန်တော် ဝိညာဉ်ရေးရာလှုပ်ရှားခံစားရတယ်။ သူ ဒီတောင်ကို ရောက်လာမယ်။

104 ဒါကြောင့် ကျွန်ုပ်တို့သည် ဘုန်းအသရေဆီသို့ ဦးတည်နေတဲ့ လမ်းကြောင်းပေါ်မှာ ရှိနေကြပါပြီ။ ဘယ်အရာမှ ကျွန်ုပ်တို့ကို မတားဆီးနိုင်ပါ။ မရပါဘူး။ ဘုရားသခင်သည် သူ့ရဲ့ နှုတ်ကပတ်တော်ကို ထင်ရှားစေသည်။ ဘာတွေဖြစ်လာမလဲဆိုတာ ကျွန်တော်ဂရုမစိုက်ပါဘူး၊ ဘယ်လိုပဲဖြစ်ဖြစ် ကိုယ်တော် လုပ်လိမ့်မယ်။ ဟုတ်တယ်။

105 သူ့လမ်းမှာ၊ တာဝန်လမ်းကြောင်းအတိုင်းသွားလျှက်ရှိ၏။ ထိုနေရာ၌ သူသည်၊ တောင်တွေကြားထဲမှာ ပိတ်မိနေတယ်။ သူ နားထောင်ပြီး သူ့နောက်က ဟိန်းဟောက်သံကို ကြားလိုက်ရတယ်။ အဲဒါ ဘာလဲ။ ဖာရောဘုရင်၏ ရထားတပ်များ၊ ထောင်ပေါင်းများစွာသော စစ်ရထားများ၊ လက်နက်တပ်ဆင်လျှက်၊ လှံများကိုင်ဆောင်လျှက် သူတို့ကို နင်းချေဖျက်စီးရန် လာနေကြပြီ။ အရှေ့မှာပင်လယ်နီက သူ့ကိုပိတ်ထားတယ်။ သူဘာလုပ်ခဲ့လဲ။ သူ စိတ်ပျက်...သူ စိတ်ပျက်အားလျော့သွားတယ်။ လူများအားလုံးကလည်း အော်ဟစ်နေကြတယ်၊ "အိုး၊ အခုတော့ ဒုက္ခရောက်ပြီ။ ဖာရောက ငါတို့ကိုသတ်လိမ့်မယ်၊ သူ့ဘေးတွေက ငါတို့ကို ထိုးဖောက်လိမ့်မယ်။ ငါတို့ရဲ့ကလေးတွေက ဒီတောထဲမှာ သေရတော့မယ်။"

မောရှေက အော်ဟစ်လိုက်တယ်၊ "အို ဘုရားသခင်။"

106 ဒီအချိန်မှာ ယေရှုက မြင်ကွင်းပေါ် ရောက်လာတယ်။ ကိုယ်တော်ပဲ မီးတိုင်ဖြစ်တော်မူတယ်။ မှန်တယ်။ ကိုယ်တော်ဆင်းလာပြီး သူနဲ့အန္တရာယ်ကြားမှာ ကြားခံရပ်တည်တော်မူတယ်။ အာမင်။ ကိုယ်တော်ပဲ ကျွန်တော်တို့ရဲ့ ကြားခံသခင်ဖြစ်တယ်။ ကိုယ်တော်ပဲ ကြားဝင်ရပ်တည်ပေးသူ၊ အာမင်၊ကြားဝင်စေ့စပ်ပေးသူဖြစ်တယ်။ အဲဒီမှာ သူသည် ရပ်တည်နေတယ်၊ သူတို့ကိုတစ်ခုခုလုပ်ဖို့ ကြိုးစားလာနေတဲ့ အဲဂုတ္တုသားတွေအတွက်တော့ အမှောင်မိုက်ဖြစ်နေခဲ့ပြီ။ ကိုယ်တော်သည် သူတို့အတွက် လျှောက်လှမ်းရန် အလင်းဖြစ်တော်မူတယ်။ ထိုနောက် နံနက်အချိန်၌ လေပြင်း အလွန်တိုက်ခတ်လာတဲ့အခါ၊ ထိုညမှာ၊ ကိုယ်တော် ဘာလုပ်ခဲ့လဲ။ ကိုယ်တော်သည် မီးတိုင်သဏ္ဌာန်ဖြင့် ကွယ်လာခဲ့တယ်။

107 သတိရကြပါ၊ ကိုယ်တော်သည် ယနေ့တိုင် ထိုမီးတိုင်ဖြစ်နေဆဲပင်။ ဟုတ်ပေ၏။ ကိုယ်တော် မြေကြီးပေါ်၌ရှိနေစဉ်၊ "ငါသည် ဘုရားသခင်ထံမှ လာ၏၊ ဘုရားသခင်ထံသို့ ပြန်သွားမည်။" ဟု မိန့်တော်မူတယ်။

108 ပြီးတော့ ကိုယ်တော်၏ သေခြင်း၊ သင်္ဂြိုဟ်ခြင်း၊ ထမြောက်ခြင်း၊ နှင့် ကောင်းကင်သို့ တက်ကြွခြင်း နောက်တွင်၊ ရှင်ပေါလုသည် ဒမတ်သက်မြို့

သို့ သွားသောလမ်းတွင်၊ ထိုမီးတိုင်၏ အလင်းကြောင့် မြေပေါ်သို့ လဲကျသွားတယ်။ သတိရကြပါ၊ သူသည် ဟေဗြဲလူမျိုးဖြစ်တယ်။ သူဒီလိုမပြောခဲ့ဘူး... သူက၊ "သခင်၊ ကိုယ်တော်ဘယ်သူလဲ။" လို့ မေးတယ်။ သ-ခင် ဆိုတာ ဧလိုဟိမ် ကို ရည်ညွှန်းတာပါ။ "အကျွန်ုပ်ညှဉ်းဆဲသော ကိုယ်တော်သည် အဘယ်သူနည်း။" ဟုဆိုလေ၏။

ကိုယ်တော်က၊ "ငါသည် ယေရှုပဲ" လို့ ဖြေတော်မူတယ်။

109 အာမင်။ ဟာလေလုယ။ ကိုယ်တော်သည် အဦးဆုံးသောသူနှင့် နောက်ဆုံးသောသူ ဖြစ်တော်မူ၏။ အရင်အတိုင်းပင် ဖြစ်တော်မူ၏။ **"ခဏကြာပြီးမှ လောကီသားတို့သည် ငါ့ကိုမမြင်ရကြ။ သင်တို့မူကား မြင်ရကြလိမ့်မည်။ ငါသည် အသက်ရှင်သောကြောင့် သင်တို့သည်လည်း အသက်ရှင်ရကြလိမ့်မည်။"** မီးတိုင်တော်နှင်တူညီသောဘုရားသခင်သည်၊ တူညီသောကတိတော်နှင့်အတူ၊ တူညီသောအမှုကိုပြုလုပ်လျက်၊ မိမိနှုတ်ကပတ်တော်ကို ထင်ရှားစေသည်။ အာမင်။ "ငါသည် ထမြောက်ခြင်းနှင့် အသက်ရှင်ခြင်း အကြောင်းဖြစ်၏။ ငါသည် ဖြစ်ဘူးသောသူ၊ ဖြစ်ဆဲသောသူ၊ နောင်လာလတ္တံသောသူ ဖြစ်၏။" ဟုတ်ပါတယ်။

"ငါတို့၏ဘိုးဘေးများသည် တောင်၌ မန္နမုန့်ကိုစားရကြ၏။"

110 ကိုယ်တော်က၊ "သူတို့အားလုံး သေဆုံးသွားပြီ။ သို့သော်၊ **ငါဖြစ်သည့်အတိုင်း ငါဖြစ်၏**။" လို့ မိန့်တော်မူတယ်။ မောရှေသည်...မီးလောင်နေသောချုံ၌ မြင်တွေ့ခဲ့သောသူသည် **ငါပင်**ဖြစ်သည်။ ယနေ့တိုင်လည်း ထိုအရှင်သည် **ငါ**ဖြစ်ခဲ့၏ မဟုတ်ဘဲ၊ **ငါ**ဖြစ်၏၊ ဟူသော ပစ္စုပ္ပန်ကာလ၊ အချိန်အားလုံးအတွက် ဖြစ်တယ်။

111 ဤအရာ၌ မောရှေသည် လမ်းဆုံးအခြေနေထဲသို့ ရောက်နေပြီ၊ ဒီအချိန်မှာ ခရစ်တော်ကိုယ်တိုင် ဆင်းကြွလာတော်မူကြောင်းကို ကျွန်တော်တို့တွေ့ရသည်။ ယခု၊ သမ္မာကျမ်းစာကလည်း ဒီလိုဆိုတယ်၊ "မောရှေသည် ခရစ်တော်ကြောင့် ခံရသော ကဲ့ရဲ့ခြင်းကို အဲဂုတ္တုပြည်၏ဘဏ္ဍာတို့ထက် ကြီးမြတ်သောစည်းစိမ်

အဖြစ် မှတ်ယူခဲ့တယ်။” ခရစ်တော်၏အရှက်ကွဲခြင်း။ ခရစ်တော်သည် ဘိသိက်ခံခြင်း၊ ဘုရားသခင်ထံမှ ထွက်သွားသော လိုဂိုစ် နှတ်ကပတ်တော် ဖြစ်တယ်။ ထိုကောင်းကင်တမန်သည်၊ ခရစ်တော်ပင်ဖြစ်ကြောင်းကို သမ္မာကျမ်းစာဖတ်ရှုသူတိုင်း သိကြတယ်။ ထိုအခါ ကိုယ်တော်သည် တောထဲမှာ ရှိနေပြီး၊ ထို့နောက် လူတို့ရှေ့၌ ထင်ရှားစွာ ကြွလာသည်၊ ထင်ရှားပြသရမယ့် ပုံသဏ္ဌာန်အတိုင်း ထင်ရှားတော်မူတယ်။ ဘုရားသခင် ဘုန်းတော်ထင်ရှားပါစေ။

112 ယနေ့လည်း ကိုယ်တော်သည် ထင်ရှားစွာ ပေါ်ထွန်းတော်မူသော ခရစ်တော်တည်းဟူသော ပုံသဏ္ဌာန်တော်ဖြင့် ကြွလာတယ်။

113 သူတို့ကို ထိုအရပ်မှ ထုတ်ဆောင်မယ်လို့ မိန့်တော်မူခဲ့တယ်။ ထိုအမှုကိုလည်း ကိုယ်တော် ပြုတော်မူလျက်ရှိ၏။ အဲဒီမှာ သူ့ရဲ့ နှုတ်ကပတ်တော်အတိုင်း ရပ်တည်၍၊ အဲဒါကို မှန်ကန်ကြောင်းကို ထင်ရှားခြင်းငှာ ကြွလာခဲ့တယ်။ မာသထံသို့ ကြွလာတော်မူသကဲ့သို့ ကိုယ်တော်ကြွလာတော်မူပြီးနောက် သူမကို ခေါ်တယ်။ ကိုယ်တော်က “မောရှေ၊ သင် ငါ့ကို အဘယ်ကြောင့် အော်ဟစ်နေသနည်း။ ဤလူတို့ကို ရှေ့သို့သွားကြလော့ဟု ပြောလော့” ဟု မိန့်တော်မူတယ်။ အဲဒီအမှောင်မိုက်ဆုံးအချိန်မှာ၊ ပင်လယ်နီကွဲသွားပြီး ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ပြည့်စုံစေဖို့ သူတို့ခရီးဆက်ကြတယ်။ ဟုတ်တယ်၊ မောရှေရဲ့ အမှောင်ဆုံးအချိန်မှာ၊ ယေရှုက ရောက်လာတယ်။ အခုတော့ အချိန်ရပြီ...ပြီးတော့ ကိုယ်တော်က မောရှေကို ခေါ်တော်တယ်။

114 နောက်ထပ် လူငယ်လေးတစ်ယောက်ကို သင့်ကိုအာရုံစိုက်စေချင်တယ်။ သူနာမည်က ယာကူရ။ ဒီနေ့ခေတ်မှာ ဒီလိုလူမျိုးတွေ အများကြီးရှိတယ်။ သူဟာ လျှို့ဝှက်ယုံကြည်သူတစ်ယောက်ပါ။ သူက ယေရှုကို ချစ်တယ်။ ကိုယ်တော်အကြောင်း ကြားဖူးထားတယ်။ ကိုယ်တော်ကို ယုံကြည်တယ်။ ဒါပေမယ့် ကြည့်ပါ၊ သူဟာ အဖွဲ့အစည်းတစ်ခုနဲ့ ရှေ့ကတည်းက ပူးပေါင်းထားပြီးသားပါ။ ဟုတ်တယ်။ သူ...သူ...သူ...သူက ထုတ်ဖော်ပြောဆိုဖို့ မတတ်နိုင်ခဲ့ဘူး။ သူယုံကြည်တယ်၊ ဒါပေမယ့် ဝန်မခံရဲဘူး၊ ဒါကြောင့် မယုံကြည်သူတွေနဲ့ ရောနှော

နေရတယ်။ ဒါပေမယ့် သူ တကယ်ယုံကြည်ခဲ့တယ်။

115 သိလား၊ လူတစ်ယောက်ဟာ အဲဒီပုံစံမျိုးရောက်သွားရင်၊ တစ်ခါတစ်ရံ ဘုရားသခင်က သူ့ကို ဆုံးဖြတ်ချက်ချရတဲ့အဆင့်ကို ရောက်အောင်ပို့တတ်တယ်။ ဒုက္ခဆင်းရဲနှင့် ရင်ဆိုင်ရသော အချိန်၌သာ ကျွန်ုပ်တို့ရဲ့ စိတ်ရင်းအမှန်ကို သိနိုင်တယ်။

116 ဒါကြောင့် ထိုနေရာ၌ သူသည် မယုံကြည်သူတို့နဲ့ ရောနှောထားပြီးသားဖြစ်တယ်၊ သူက သွားပြီး စာရင်းစာအုပ်ထဲ သူနာမည်ထည့်ထားတယ်၊ အဲဒီလို လုပ်လိုက်တာပဲ။ ပြီးတော့ သူဟာ ယဇ်ပုရောဟိတ်တစ်ယောက်ဖြစ်နေတော့၊ သူအတွက် ဝန်ခံဖို့ သိပ်မလွယ်ခဲ့ဘူး၊ ဘာကြောင့်လဲဆိုတော့ အဲဒါပဲ သူ့အသက်မွေးကြောင်းလမ်းဖြစ်နေလို့။ ဒါပေမယ့် ယေရှုကိုတော့ သူ ဆက်ယုံကြည်နေတုန်းပဲ။

117 တစ်နေ့မှာ သူ့သမီးလေး ဖျားနာသွားတယ်။ အိုး၊ အံ့သြစရာ။ သူ့အနေနဲ့ ဆရာဝန်ခေါ်ခဲ့မှာပဲ။ ဆရာဝန်ရောက်လာပြီး ကလေးကို ကြည့်ရှုပေးတယ်။ သူ့အဖျားက ပိုဆိုးလာတယ်။ ခဏကြာတော့ သူမ အရမ်းပူလာပြီး နောက်ဆုံးတော့ သေလုမတတ်ဖြစ်လာတယ်။ သူ စိတ်ပျက်အားလျော့နေတယ်။ တစ်ခုခုလုပ်ရမယ်။ ဘာလုပ်ရမှန်း သူမသိတော့ဘူး။ အခု သူတွေးမိတယ်၊ "ကိုယ်တော်ရှိရာ ဘယ်နေရာမဆို ရှာတွေ့နိုင်ရင်ကောင်းမှာပဲ။" ယခုအခါတွင် နိကောဒင်ကဲ့သို့ ညအချိန်ရောက်သည့်အထိ စောင့်မနေပဲ၊ ကိုယ်ပိုင်တွေ့ဆုံခွင့်ကို ရယူခဲ့သည်။ လုပ်ဆောင်ရမယ့်အချိန်ရောက်ပြီ၊ လုပ်ဆောင်ရမယ့်အချိန်ရောက်ပြီ၊ အဲဒီအချိန်ကျမှ သူလုပ်ဆောင်ရမယ်။

118 ပြီးတော့ ညီအစ်ကို မောင်နှမ၊ ကျွန်တော်ထင်တယ်၊ အခုလည်း အဲဒီအတိုင်းပါပဲ။ လုပ်ဆောင်ရမယ့်အချိန် ရောက်ပါပြီ။ ယုံကြည်မလား ဒါမှမဟုတ် မယုံကြည်ဘူးလားဆိုတာ ရွေးချယ်ရမယ့် အချိန် ရောက်ပါပြီ။ အဲဒီ ခွဲခြားဆုံဖြတ်ရမယ့် မျဉ်းဟာ အမျိုးသား၊ အမျိုးသမီးတိုင်းအတွက် ဖြစ်သလို၊ ကလေးတိုင်းအတွက်လည်း ဖြစ်ပါတယ်။ တစ်ခါတစ်ရံမှာ အဲဒီမျဉ်းကို ဖြတ်ကျော်တဲ့

အခါ တစ်ခုတည်းသောအရာ ကျန်ရှိတယ်၊ အဲဒါကတော့ ဆုံးဖြတ်ချက်ပဲ၊ သင်သည် ကရုဏာနှင့် တရားစီရင်ခြင်းကြားကို ကျော်ဖြတ်သွားတဲ့အခါ၊ ထိုမျဉ်းကို ကျော်လွန်သွားသောအခါ။

119 သူ ဒုက္ခရောက်ခဲ့တယ်ဆိုတာ မမေ့ပါနဲ့။ ဘာလုပ်ရမှန်းမသိခဲ့ဘူး။ သူ့ယဇ်ပုရောဟိတ်တွေ၊ စာကြည့်တိုက်မှူးအားလုံး သူ့ပတ်လည်မှာ ရှိနေကြတယ်။ အပေါင်းအသင်း အားလုံးက သူနဲ့အတူ၊ အဲဒီမှာရှိနေကြတယ်၊ သူ့သမီးလေး သေဆုံးနေတာကို ကြည့်နေကြတယ်။ ဆရာဝန်က လက်နှစ်ဖက်ကို ပေါင်းကပ်ထားရင်း၊ အပြင်ဘက်မှာ ရပ်နေတယ်၊ လက်တွေကို ခါယမ်းပြီး၊ "ကျွန်တော်သိသမျှ ဆေးအားလုံး ပေးထားပါပြီ၊ ဒါပေမယ့်လည်း..."

120 ကြည့်လေ၊ ယေရှုကပဲ အချိန်တိုင်း အလုပ်လုပ်နေတာပါ။ ယေရှုက ဒီလိုလုပ်နေတာဟာ ရည်ရွယ်ချက်ရှိပါတယ်၊ အဲဒီလူငယ်လေးရဲ့ အစစ်အမှန်ကို ထုတ်ဖော်ပြဖို့အတွက်ပါ။ ခဏကြာတော့၊ သူသည် သေးငယ်သော အမည်းရောင် ဦးထုပ်ကိုယူ၍ ခေါင်းပေါ်တွင် ဆွဲတင်လိုက်တယ်၊ သူ့ရဲ့ ယဇ်ပုရောဟိတ်ဝတ်ရုံ ဝတ်ဆင်လိုက်တယ်။

"ဘယ်သွားမလို့လဲ။"

121 "ကျွန်တော်...သူမြစ်ကမ်းမှာရှိတယ်လို့ ကြားလိုက်တယ်။ ကျွန်တော် သူ့နောက်ကိုလိုက်မယ်။" အိုး၊ အံ့သြစရာပါ။ သူ ထွက်ပြေးသွားတော့တယ်။

122 အဲဒီစိတ်ပျက်အားလျော့တဲ့အချိန်မှာ၊ သူ ဆုံးဖြတ်ချက်ချရမယ်၊ သူ့ကလေးသေခွင့်ပြုမလား၊ ဒါမှမဟုတ် ဒါဟာ နှုတ်ကပတ်တော်ရဲ့ ထင်ရှားပြသခြင်းဆိုတာကို သူသိတယ်။ သူဟာ ယဇ်ပုရောဟိတ်ဖြစ်တယ်၊ နှုတ်ကပတ်တော်ကိုလည်း ဖတ်ဖူးတယ်၊ ဒါဟာ ဘုရားသခင်၏ ထင်ရှားပြသခြင်းဆိုတာကိုလည်း သူသိတယ်။ ဘုရားသခင်သည် ခရစ်တော်ထဲ၌ ရှိတော်မူပြီး၊ လောကကို ကိုယ်တော်နှင့် စေ့စပ်ပေါင်းဖက်စေတော်မူတယ်။ သူသည် ထိုအရာကိုသိခဲ့တယ်၊ ရွေးချယ်စရာမရှိအောင် ဆုံးဖြတ်ချက်ချရမည့် အခြေအနေသို့တွန်းပို့ခြင်းခံရတယ်။ သူ့ကလေးကို သေစေမည်လော၊ ဒါမှမဟုတ် ကိုယ်တော်ကို ဝန်ခံရမလား။ သူ

ထိုဒုက္ခဆင်းရဲထဲသို့ ရောက်ရှိသောအခါ၊ ယေရှုကြွလာချိန်ဖြစ်တယ်။ သူက ကိုယ်တော်ဆီသွားတွေ့ပြီး၊ ကိုယ်တော်ကို၊ "သခင်ဘုရား၊ ကိုယ်တော်မိန့်တော်မူသမျှကို ကျွန်တော်လိုက်ပါမည်။" လို့ပြောခဲ့တယ်။ ထို့နောက် လမ်းပေါ်၌ တစ်ယောက်သော သတင်းပို့သူ ပြေးလာတယ်၊ အမှောင်ထုကြီးရောက်လာပြီ။ သူသည် ဘုရားသခင်ကို ယုံကြည်ကြောင်း ဝန်ခံခဲ့ပြီဖြစ်တယ်။ ထိုအချိန်မှာ သူဟာ သူ့ကိုယ်သူ အသင်းတော်ကနေ ထုတ်ပယ်ခံလိုက်ရပြီ၊ ပြီးတော့ လူအများရှေ့မှာ သူသည် ယေရှုကို ယုံကြည်သူဖြစ်ကြောင်း ထုတ်ဖော်ပြလိုက်တယ်။

123 ထိုအခါ ပြေးလာသော လူတစ်ယောက်က၊ "ဘယ်သူ့ကိုမှ အနှောင့်အယှက်မပေးနဲ့တော့၊ သင့်ရဲ့သမီးသည် သေပြီးလို့။" ဟုဆိုတယ်။ သူမ မနေ့က ဆုံးသွားတယ်။ သူမ သေသွားပြီ။ ထပ်ပြီး မလှည့်စားနဲ့တော့။"

124 အို၊ သူ့နှလုံးသားလေး လည်း ပျက်လုနီးပါးဖြစ်ခဲ့တယ်။ ဒါပေမယ့် သူသည် ယေရှု၏ မျက်လုံးကို ကြည့်ပြီး၊ ယေရှုက၊ "သင့်ကို မပြောခဲ့ဘူးလား။" လို့ပြောတယ်။ မကြောက်နှင့်၊ ဘုရားသခင်၏ဘုန်းတော်ကို မြင်လိုလျှင်။ အဘယ်ကို ကြောက်နေသနည်း။ ငါသွားမည်ဟု ငါပြောပြီးသားမဟုတ်လော။"

125 ကိုယ်တော်က လာမယ်လို့ ကတိပေးထားပြီးသား။ ဒါကိုလုပ်မယ်လို့လည်း ပြောထားပြီးသား၊ ဒီမှာလည်း ကိုယ်တော်သည် ထိုအမူကို ပြုတော်မူတယ်။ အာမင်။ ကိုယ်တော်က နောက်ဆုံးသောကာလမှာ ပေါ်ထွန်းပြီး ဒီအမှုတွေကို လုပ်မယ်လို့ မိန့်တော်မူခဲ့တယ်၊ မနေ့ညကလည်း ဖတ်ပြီး ဆွေးနွေးခဲ့သလိုပေါ့။ ဒီမှာကိုယ်တော်သည် ထိုအမူကိုပြုတော်မူတယ်။ ဘာကိုများ ကြောက်နေတာလဲ။

126 မှတ်မိလား၊ ကိုယ်တော်ကြွလာပြီး သေခြင်းထဲမှ သူမကိုခေါ်တဲ့အခါ။ ကိုယ်တော်သည် ထိုမြင်ကွင်းသို့ရောက်လာပြီး သေခြင်းထဲက သူမကိုခေါ်တော်မူတယ်။

မျက်မမြင် ဘာတိမဲ၊ တစ်ချိန်က သူ၏ အမှောင်မိုက်ဆုံးသောအချိန်ကို ကြုံတွေ့ခဲ့ရတယ်။

127 ယေရှုက ယေရိခေါမြို့၌ ရှိနေစဉ်၊ ထိုနေရာတွင် ဧဝံဂေလိတရားတော်

ဆိုင်ရာ စည်းဝေးပွဲ တစ်ခုကဲ့သို့ စုဝေးမှုကို ပြုလုပ်ခဲ့တယ်။ ဇကွဲကိုလည်း အဲဒီမှာရောက်အောင်လုပ်ထားတယ်။ လမ်းဘေးက သစ်ပင်ထဲမှာ ဇကွဲကို ဆုံတွေ့ခဲ့တာပါ။ ဒါကြောင့် ကိုယ်တော် စီစဉ်တဲ့အခါ...အင်း၊ ကျွန်တော်သေချာတာက၊ ကိုယ်တော် တစ်ခြားဘာမှ ထပ်စီစဉ်မှာမဟုတ်ဘူး။ မြင်လား။ ဒါကြောင့် ကိုယ်တော် အဲဒီကိုရောက်တဲ့အခါ၊ ဇကွဲလည်း ကိုယ်တော်နဲ့အတူ လိုက်ပါသွားခဲ့တယ်။

128 မျက်မမြင် ဗာတိမဲက ငယ်စဉ်ကတည်းက မျက်စိကန်းသောသူဖြစ်တယ်။ သူထင်တာက ယေရှု ဒီတံခါးကနေ ထွက်လာမှာမို့ စောင့်နေတာပါ။ ယေရှုသည် အဲဒီတံခါးကနေ ထွက်လာနိုင်တယ်လို့ သူထင်ပြီး စောင့်နေခဲ့တယ်။ နောက်တော့ ဆူညံသံတွေကြားလာတယ်၊ လူတွေ အုပ်အုပ်သဲသဲဖြတ်သွားနေကြတဲ့ အချိန်မှာ။

129 ယဖ်ပုရောဟိတ်က "ဟေ့၊ ဟေ့ မင်း၊ ဟိုတောင်ပေါ်တက်နေတဲ့မင်း!" လို့ အော်နေသံ သူကြားလိုက်ရတယ်။ မင်း...မင်း...မင်း...ငါတို့ကြားတယ်၊ သင် သေသောသူတွေကို ထမြောက်စေတယ်ဆိုတာ။ ဤအရပ်၌ သေနေသောသူတို့နှင့် ပြည့်နေသော သချိုင်းများရှိ၏။ သင် မေရှိယဖြစ်လျှင်၊ သင်သည် မေရှိယဖြစ်လျှင်၊ ဤနေရာသို့ကြွလာပြီး ဒီသေသောသူတွေကို ပြန်ရှင်စေပါ။"

130 သိလား၊ ဒီနတ်ဆိုးဟာ ဒီနေ့ထိတိုင် ရှင်သန်နေတုန်းပဲ၊ ဘာသာရေးပုံစံအောက်မှာ ရှိနေတယ်၊ အလားတူနည်းနဲ့ပဲ။ မြင်လား။

131 "သင်သည် မေရှိယဖြစ်ရင်၊ ငါတို့...သေသူတို့ကို ထမြောက်စေသည်ဟု၊ သင်ဆို၏။ ဤအရပ်၌ သချိုင်းများနှင့် သေသူတွေနဲ့ ပြည့်နေတယ်။ လာလော့ဟု ဆိုကြလေ။" အို၊ လူတိုင်း အော်ဟစ်နေကြတယ်။ တစ်ယောက်က "ပရောဖက်အတွက် ဟောရှနာ!" လို့ ဟစ်ကြွေးနေတယ်။ နောက်တစ်ယောက်က ဟိုဟာ၊ ဒီဟာ၊ ဒါမှမဟုတ် တခြားဟာတွေ အော်နေတယ်။ တော်တော်ရှုပ်ထွေးတာပဲ!

132 ဒီမျက်မမြင်အဘိုးအိုက တွေးလိုက်တယ်၊ "အို၊ ငါ ကိုယ်တော်ကို လွတ်သွားပြီ။ ကိုယ်တော် အောက်က တံခါးကနေ ထွက်သွားပြီ၊ ငါက ဒီကိုလာမယ်

ထင်ခဲ့တာ။ ငါ နေရာမှားရောက်နေတာပဲ။" ဆိုပြီးတော့ သူ အော်ဟစ်၍ခေါ်ဆို လေ၏။ သူတွေးမိတယ်၊ "ဤသူသည် နှုတ်ကပတ်တော်ဖြစ်လျှင် ဘုရားသခင် ဖြစ်ရမည်။ အမှန်ပင် ထိုသို့ဖြစ်ရမည်။" ဒါကြောင့်၊ "အို ယေရှု၊ ဒါဝိဒ်၏သား တော်၊ အကျွန်ုပ်ကို သနားတော်မူပါ။" ဒီစိတ်ပျက်အားလျော့တဲ့အချိန်မှာ၊ သူက အော်ဟစ်တောင်းပန်တယ်။

133 အခု ယေရှုသည်၊ သင်ဒီမှာ မှတ်မိမယ်ဆိုရင်၊ ယေရိခေါမြို့တွင် ရှိနေ တယ်။ သူရပ်နေတယ်လို့ သူတို့ပြောတဲ့နေရာဟာ ယေရှုရှိနေရာနဲ့ ကိုက်တစ်ရာ့ ငါးဆယ်အကွာမှာ ရှိနေတယ်။ လူထောင်ပေါင်းများစွာ ကိုယ်တော်ကို ဝိုင်းရံနေ ချိန်မှာ၊ အဲဒီလူရဲ့အော်သံကို ကိုယ်တော်ကြားနိုင်မှာ မဟုတ်ဘူး။ ဟုတ်တယ်၊ မ ကြားနိုင်ဘူး။ ဒါပေမယ့် ကိုယ်တော် ခံစားမိတယ်။ ကိုယ်တော် ရပ်လိုက်တယ်။

134 ကျွန်တော် ဟောချင်တယ်၊ ဒီညမျိုးတစ်ညမှာ– "ပြီးတော့ ယေရှု ရပ်လိုက် တယ်။" အိုး! "ပြီးတော့ ယေရှု ကိုင်းညွှတ်လိုက်တယ်။" အိုး!

135 ဒါပေမယ့် ယေရှု ရပ်လိုက်တဲ့အခါ၊ ဘာဖြစ်သွားသလဲ။ ကိုယ်တော်က သူ့ ကို ခေါ်တယ်။ "သခင် ရောက်လာပြီ။ စိတ်မပျက်ပါနဲ့၊" တပည့်တော်တို့က ပြော ကြတယ်၊ "ကိုယ်တော် သင့်ကိုခေါ်နေတယ်။ ကိုယ်တော် သင့်ကိုခေါ်တော်မူနေ တယ်။" အဲဒီလူအုပ်ထဲကနေ သူ့ကို ခေါ်ထုတ်လိုက်တယ်။

ကိုယ်တော်သည် ယခုလည်း အလားတူပဲ လုပ်တော်မူတယ်။ သဘောပေါက်သွားပြီလား။ မြင်လား။

136 "သခင်ရောက်လာပြီ၊ သင့်ကိုခေါ်နေတယ်။" ပြီးတော့ ကိုယ်တော်က သူ့ကို အမှောင်ကနေ အလင်းဆီ၊ မျက်စိကန်းခြင်းကနေ အမြင်ရခြင်းသို့ ခေါ်တော်မူ တယ်။ ကိုယ်တော်က သူ့ကို သေခြင်းကနေ အသက်ဘက်သို့ ဖြတ်ကျော်ခေါ် ဆောင်တော်မူတယ်။ "သခင်ရောက်လာပြီ၊ သင့်ကိုခေါ်နေတယ်။" ကိုယ်တော် က သူ့ကို ခေါ်တဲ့အခါ၊ မျက်စိပြန်မြင်စေတယ်။

137 သွေးသွန်ရောဂါစွဲနေတဲ့ မိန်းမငယ်လေးတစ်ယောက်၊ တစ်ချိန်က တောင် ပေါ်မှာ၊ ဆရာဝန်တွေဆီ သူမ ရှိသမျှငွေအားလုံး သုံးပြီးခဲ့ရတယ်။ သူမသည်

သေချာပေါက်၊ သူတို့ လယ်ထွန်တိရစ္ဆာန်တွေ ရောင်းခဲ့ရတယ်။ လယ်ယာကို လည်း ရောင်းခဲ့ရတယ်၊ ဒါမှမဟုတ် အပ်နှံထားရတယ်။ ဆရာဝန်တွေဆီမှာ ဥစ္စာရှိသမျှအကုန်သုံးခဲ့တယ်၊ တစ်ယောက်မှ သူမကို ကောင်းအောင်မကုသ နိုင်ခဲ့ဘူး။ သူမရောဂါက တဖြည်းဖြည်းပိုဆိုးလာပြီ။ သွေးတွေ မတိတ်ဘူး။ ဆက်တိုက်ပဲ၊ သူမရောဂါက ပိုနက်ရှိုင်းလာတယ်။

138 တစ်နေ့မှာ သူမနေထိုင်ရာ တောင်ကုန်းပေါ်မှာ ချည်ထိုးနေတုန်း၊ သူမ အောက်ဘက်ချိုင့်ဝှမ်းကို ကြည့်လိုက်တော့၊ လှေတစ်စင်း ဝင်လာတာကို မြင် လိုက်ရတယ်။ လူတိုင်းပြေးလွှားနေကြပြီး၊ "ပရောဖက်အား ဟောရှဧ!"

139 သူမက ယေရှုသိတင်းတော်ကို ကြားဖူးထားတယ်။ ယုံကြည်ခြင်းသည် ကြားနာခြင်းမှ ဖြစ်၏။ ယခု သူမက၊ "ငါဆင်းသွားပြီး ကိုယ်တော်ကို မျက်ဝါးထင်ထင် ကြည့်လိုက်မယ်။"

140 သူမအဲဒီကို လျှောက်ဆင်းလာတဲ့အခါ၊ လူဇာတိ၌ ထင်ရှားသော ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ပထမဆုံးအကြိမ် မျက်ဝါးထင်ထင် မြင်လိုက်ရတယ်၊ ကိုယ်တော်ပြောပုံ၊ ကိုယ်တော်ကြည့်ပုံမှာ တစ်ခုခုထူးခြားနေ တယ်၊ ဒါကြောင့် ကိုယ်တော်ပဲဆိုတာ သူမသိတယ်။ ဟုတ်ပါတယ်။ "အို၊ ငါ ကိုယ်တော်ရဲ့ အာရုံကိုပဲ တစ်နည်းနည်းနဲ့ ဆွဲဆောင်နိုင်ရင်၊ ငါ တစ်နည်းနည်းနဲ့ ကိုယ်တော်ကို ထိနိုင်ရင်!" ဒါနဲ့ သူမက လူအုပ်ကြားကနေ တိတ်တိတ်လေး ဝင် သွားပြီး ကိုယ်တော်ရဲ့ ဝတ်ရုံကို တို့လိုက်တယ်။

141 ယခု သတိရပါ၊ ကိုယ်တော် ခံစားတာက သူမရဲ့ လက်ချောင်းမဟုတ်ဘူး။ မဟုတ်ဘူး၊ ပါလက်စတိုင်းဝတ်ရုံက လျော့ရဲနေတာ။ ပြီးတော့ သူက...သူတို့ က–...

ပေတရုက၊ "လူတိုင်းက ကိုယ်တော်ကို ထိနေတာ။" လို့ပြောတယ်။

142 ကိုယ်တော်က၊ "ဒါကတော့ ထူးခြားတဲ့ထိမှုပဲ။ ငါ့ကိုယ်မှတန်ခိုး ထွက်သွား တာကို ငါသိတယ်။" လို့ မိန့်တော်မူတယ်။

143 ယေရှုကြွလာတယ်။ သူမရဲ့ငွေကြေးကုန်သွားပြီ၊ အရာအားလုံးကုန်သွားပြီ၊ ဒါပေမယ့် ထိုအမှောင်မိုက်ဆုံးအချိန်မှာ သွေးမတိတ်နိုင်တဲ့အချိန်၊ ဆရာဝန်တွေ မတားနိုင်တဲ့အချိန်တွင်၊ ယေရှုကြွလာတယ်။ ပြီးတော့ ကိုယ်တော်ဘာလုပ်ခဲ့လဲ။ ကိုယ်တော်က သူမကိုခေါ်တယ်။ သူမကိုရှာတွေ့သည်အထိ လိုက်ရှာတယ်။ ထိုအခါ မိန့်တော်မူတယ်၊ "သင့်မှာ သွေးသွန်နာရောဂါစွဲနေတယ်၊ ဒါပေမယ့် ရပ်သွားပြီ။"

144 "ကိုယ်တော်သည် မနေ့၊ ယနေ့၊ နောင်ကာလစဉ်အမြဲတည်သောအရှင် ဖြစ်တော်မူ၏။" "သခင်ရောက်လာပြီ၊ သင့်ကိုခေါ်တော်မူတယ်။ ကိုယ်တော်ကြွလာပြီး ခေါ်တော်မူတယ်။" သူမကို ကျန်းမာခြင်းသို့ ပြန်လည် ခေါ်ဆောင်သွားတယ်။

145 မနေ့ညက ပြောခဲ့တဲ့ ရေတွင်းနားက မိန်းမငယ်လေး၊ သူမမျှော်လင့်ချက်အားလုံး ကုန်ဆုံးသွားခဲ့တယ်။ ဖြစ်နိုင်တယ်၊ သူမရဲ့ပဋိမမြောက် ခင်ပွန်းက သူမကို ထားခဲ့ပြီး အဲဒီညမှာပဲ ဆဋ္ဌမမြောက် ခင်ပွန်းကို ယူခဲ့တာ ဖြစ်နိုင်တယ်။ သူမသည်—သူ့အပေါ်မှာ အနည်းငယ်သံသယရှိနေတယ်။ ကိုယ်ကျင့်တရားအရ၊ သူမသည်လုံးဝပျက်စီးနေပြီ။ သူမသည် တကယ့်မိန်းမကောင်းတစ်ဦးဖြစ်ချင်တယ်၊ သူမသည် ကျမ်းစာကို ဖတ်ရှုနေခဲ့သူဖြစ်တယ်။

146 ပြီးတော့ သူမသည် နေ့လယ်ဆယ့်တစ်နာရီခန့်တွင် ထိုနေရာသို့ ရေခပ်ရန် သွားတယ်။ မနက်စောစော ဖြောင့်မတ်တဲ့မိန်းမတွေ လာတဲ့အချိန်မှာ သူမလာနိုင်ခဲ့ဘူး။ သူတို့သည် ရေအိုးများကို ခေါင်းပေါ်တင်၍ ရေခပ်ပြီးနောက် ပြန်ဆင်းသွားကြတယ်။ ထို့ကြောင့် သူမသည် သူတို့နှင့် ရောနှောနေလို့မရဘူး။ အဲဒီခေတ်က အဲဒီလိုခွဲခြားမှုရှိတယ်၊ ဖြောင့်မတ်သူနဲ့ အပြစ်သားတွေ ရောထွေးမနေကြဘူး။ အကျင့်ပျက်သောသူများသည် သူတို့နေရာမှာပဲ နေရတယ်၊ ဒါကြောင့် သူမလည်း ကျန်တဲ့သူတွေနဲ့ အတူလာနိုင်ခဲ့ဘူး။ သူတို့က သူမကိုလာခွင့်မပေးဘူး။ ဒါကြောင့် လူတိုင်း ရေခပ်ပြီး ပြန်သွားကြတဲ့နောက်...သူမက ပိုကောင်းတဲ့အရာအတွက် လာခဲ့တာပါ။

147 ပြီးတော့ သူမသည် ဒီရေအိုးကို ခေါင်းပေါ်တင်ပြီး ဒီကိုတက်လာတယ်၊ သေချာတာက သူမ သွားရင်း တွေးနေမှာပဲ၊ "ယခု၊ ငါလက်ထပ်လိုက်တဲ့လူ၊ ဒါမှ မဟုတ် မနေ့ညက ငါနှင့်အတူရှိခဲ့သောသူကိုပင်၊ ငါ သံသယဝင်နေပြီ။ သူက လူတစ်ယောက်ပဲ၊ ဒါပေမဲ့ အပြုမူတွေက ထူးဆန်းလွန်းတယ်။ ငါ—ငါ သူ့ အကြောင်း ဘာမှမသိဘူး။ ငါ့မှာ အခွင့်အရေးမရှိတော့ဘူး။ လူ့အသိုင်းဝိုင်း ကတောင် ငါ့ကို ပယ်ထားကြပြီ။ ပြီးတော့ ကျွန်တော် အဲဒီဘုရားကျောင်းတွေ ကို မသွားနိုင်ဘူး၊ သူတို့လည်း မသွားဘူး...သူတို့ကို ကြည့်ပါဦး! ဘာလုပ်ရမှန်း တောင် မသိဘူး။ ကျွန်မ စိတ်ပျက်အားလျော့နေပြီ။ ကျွန်မ ကျမ်းစာဖတ်နေ တယ်၊ သေချာတာက၊ တစ်နေ့နေ့မှာ ထိုပရောဖက်သည် ပေါ်ထွန်းလာမည်။ အခုတော့ သူတို့ ဒီလိုအရာ မရှိဘူးလို့ ပြောထားတာ ကျွန်တော်သိပါတယ်၊ ဒါ ကလည်း၊ 'ရာစုနှစ်တစ်ခု၊ နှစ်တစ်ထောင်ကျော်ကြာမှ ဖြစ်နိုင်တယ်။ ကျွန်တော် တို့သည် ထိုအရာကို ထောင်ပေါင်းများစွာ နှစ်များတိုင်အောင် စောင့်မျှော်ခဲ့ကြ ပြီး၊ သို့သော် ယခုတိုင် မဖြစ်ပေါ်သေးသောကြောင့်၊ ယခု ကျွန်တော်တို့ မျှော်လ င့်တော့မည်မဟုတ်ပါ။' အရာအားလုံးက အဲဒီလိုပဲ၊ 'အိုး၊ မဟုတ်ဘူး၊ ကျွန်တော် တို့မှာ အသင်းတော်များနဲ့ တခြားအရာတွေ ရှိတယ်။ ယခု အဲဒီလိုအရာ မလိုအပ် တော့ဘူး။"" ဒါကြောင့် သူမလည်း ထိုလမ်းတစ်လျှောက်သွားနေစဉ် ဆင်ခြင် အောက်မေ့နေခဲ့တယ်။

148 သင်သိလား၊ သင်ကိုယ်တော်ကို အာရုံပြုနေတဲ့အချိန်၌၊ ကိုယ်တော်သည် သင့်ရှေ့၌ ထင်ရှားလာတတ်တယ်။ မနေ့ညက ကျွန်ုပ်တို့ဆွေးနွေးခဲ့သလို၊ ဧ မောက်လမ်းမှာ သူတို့သွားနေချိန်မှာပါ။

149 ထိုအရာများကို သူမစဉ်းစားသောအခါ၊ အမျိုးသားတစ်ဦးပြောသောစကား ကို သူမကြားလိုက်ရတယ်၊ "ငါ့အတွက် သောက်စရာတစ်ခု ယူလာပေးပါ။"

150 ဒါက ဘာဖြစ်လို့လဲ၊ သူမ၏ အမှောင်မိုက်ဆုံးအချိန်မှာ၊ သူမ၏ ကိုယ်ကျင့်တရား ပျက်စီးသွားချိန်မှာ။ လှပသော မိန်းမငယ်တစ်ယောက် ဖြစ်ကောင်းဖြစ်မည်၊ သို့သော် လမ်းပေါ်သို့ ရောက်သွားပြီး အဲဒီလိုဘဝမျိုးနဲ့

အသက်ရှင်နေရသည်။ တစ်ခါတစ်ရံ ဒီကလေးငယ်အပြစ် မဟုတ်ဘူး၊ သူ့မိဘ တွေရဲ့ အပြစ်ပါ။ သူ့ကို ဒီလိုအခြေအနေထိ ရောက်အောင် ခွင့်ပြုခဲ့လို့။ ပြီးတော့ သူမက အဲဒီမှာ ရှိနေတယ်၊ သူမရဲ့ ဆံပင်ကောက်ကောက်လေးတွေကလည်း အောက်ကို လွင့်ကျနေပုံရတယ်။ သူမဟာ ခွန်အားကုန်ခမ်းနေတယ်၊ ပင်ပန်း နွမ်းနယ်စွာ သွားနေတယ်၊ ဘယ်သူကမှ သူမကို ဂရုမစိုက်ဘူး၊ ဒီကလေးမလေး ကို၊ နောက်ကွယ်မှာ ကြီးမားတဲ့ ဇာတ်လမ်းတစ်ပုဒ် ရှိနေတာ ဖြစ်နိုင်တာဘဲ။

151 ဘာပဲဖြစ်ဖြစ်၊ ကျွန်တော်သိတာတစ်ခုရှိတယ်၊ သူမက သမ္မာကျမ်းစာကို ဖတ်ရှုခဲ့ပြီး သမ္မာကျမ်းစာကို ယုံကြည်ခဲ့တယ်။ သူမရဲ့နှလုံးသားထဲမှာ မျိုးစေ့ လေးတစ်စေ့ကျနေတယ်၊ "တကယ်လို့ ထိုအရာဖြစ်လာရင်၊ ကျွန်မသိလိမ့် မယ်။" ဆိုတဲ့စကား။ သူမသည် အဲဒီအတွက် ကြိုတင် ရွေးချယ်ခံထားရသူ ဖြစ် တယ်။

152 ဟိုးအရင် ယုဒရှကာရုတ်သည် ထိုနေရာ၌ ရပ်လျက် သူပြုခဲ့သည့် အရာတိုင်း ဟန်ဆောင်နေတာကို ကြည့်ပါ။ သူ့အတွင်းနှလုံးအောက်ဆုံးအထိ မှောင်မိုက်နေတယ်။ ဒီအပေါ်ယံ အလုပ်တွေမှာ အလင်းတော် ထွန်းနေပေ မယ့်၊ သူ့နှလုံးအတွင်းပိုင်းမှာတော့ ထိုအရာကို မယုံကြည်ခဲ့ဘူး။ ဒီမှာလည်း သူမသည် ထိုနေရာ၌ရှိနေတယ်...ကြည့်ပါ၊ အလင်းတော်သည် ထိုအထဲကို မ ရောက်နိုင်ခဲ့ဘူး။ သို့သော် သူမသည် ထိုအရာကိုယုံကြည်ခဲ့တယ်၊ သူမယုံကြည် တယ်၊ သို့သော် သူမရဲ့အသက်တာသည် မှောင်မိုက်ဖုံးလွှမ်းလျက်ဖြစ်နေတယ်၊ အလင်းရောင် ကျရောက်လာတဲ့အခါ မှောင်မိုက်မှုကို ဖယ်ရှားပစ်လိုက်တယ်။ သို့ရာတွင် ဤနေရာ၌ အလင်းရောင် ထွန်းလင်းလာတဲ့အခါ ထိုအရာအားလုံး သည်မှောင်မိုက်သွားစေတယ်။ အဲဒါက ခြားနားချက်ပင်ဖြစ်တယ်။

153 ကြည့်ပါ၊ သူမသည် ဒီရည်ရွယ်ချက်အတွက် မွေးဖွားလာခဲ့တာ။ သူမ သည်—ကိုယ်တော်က သူမရဲ့ယောကျ်ားဘယ်နှစ်ယောက်ရှိကြောင်း ပြောတဲ့ အခါ သူမက...ဘာဖြစ်သွားသလဲ။ သူမရုတ်တရက် စိတ်လှုပ်ရှားသွားတယ်။ စိတ်ပူပန်ခြင်းသို့ရောက်သွားတယ်။ သူမက "သခင်၊ ကိုယ်တော်ဟာ ပရောဖက်

တစ်ပါးဖြစ်တယ်ဆိုတာ ကျွန်မ သတိထားမိတယ်။ မေရှိယကြွလာတဲ့အခါ ဒီအမှုတွေကို လုပ်မယ်ဆိုတာ ကျွန်မသိတယ်" လို့ ပြောခဲ့တယ်။

154 ထို့နောက် ကိုယ်တော်က သူမကို ခေါ်ပြီး။ ကိုယ်တော်က သူမကို ခေါ်ပြီး။ "ငါသည် ကိုယ်တော်ဖြစ်၏၊ သင်နှင့် စကားပြောသော ကိုယ်တော်ဖြစ်၏။" သူမကလည်း ဘုရားစကားကို ကြားလိုက်တာနဲ့ သိသွားတယ်။ ကိုယ်တော်က သူမကို အပြစ်ထဲကနေ အသက်တာသစ်ထဲကို ခေါ်ဆောင်တယ်။ သူမရဲ့နာမည်က သမ္မာကျမ်းစာထဲမှာ ပါဝင်ပြီး၊ ဒီနေ့ထိ သူမဟာ ထာဝရအသက်ကို ပိုင်ဆိုင်ထားသည်။

155 ဘုရားသခင်သည် မနေ့၊ ယနေ့နှင့် နောင်ကာလ အစဉ်အမြဲတမ်းနေတော်မူသောကြောင့်၊ သူသည် သင့်အား ထိုနည်းတူပင်ခေါ်တော်မူနိုင်သည်။ ထိုအရာ...

156 ဟုတ်တယ်၊ သူမရဲ့ ကိုယ်ကျင့်တရားတွေ ပျောက်ကွယ်သွားပေမယ့် သူ့မှာ အဲဒီ ပိုင်းခြားသိမြင်နိုင်စွမ်း ရှိတယ်ဆိုတာ သူမ သိနေတုန်းပဲ။ သူမသည် ထိုအရာက မေရှိယဖြစ်ရမည်ကို သိတယ်။ ထို့နောက် ယေရှုက၊ "ငါသည် ကိုယ်တော်ဖြစ်၏၊ ငါသည် ကိုယ်တော်ဖြစ်၏။" မိန့်တော်မူတယ်၊ သူမ သိခဲ့တယ်။

157 တစ်ခါတုန်းက တပည့်တော်များ လေ့ပေါ်မှာ ရောက်နေကြတယ်၊ မျှော်လင့်ချက်အားလုံး ကုန်ဆုံးသွားပြီ။ လေမုန်တိုင်းတွေကြားထဲ...သူတို့ဟာ ယေရှုမပါဘဲ ထွက်သွားခဲ့ကြတယ်။ ဒီလေမုန်တိုင်းကြီးဟာ...လာဇရု၏ အိမ်၌ ဖြစ်ခဲ့သကဲ့သို့ပင် ဖြစ်လေ၏။ မျှော်လင့်ချက်အားလုံး ကုန်ဆုံးသွားပြီ။ ဒီလေ့ငယ်လေးသည် ရေများဝင်ပြီး မြုပ်လုနီးပါးဖြစ်နေပြီ။ သူတို့သည် ကြောက်ရွံ့အော်ဟစ်၍ ငိုကြွေးနေကြပြီး ဆုတောင်းကောင်းဆုတောင်းနေကြမယ်။ ပြီးတော့ လျှပ်စီးတွေလည်း လက်လက်ထလျှက်ရှိနေတယ်၊ လေ့ဟာ ရေတွေနဲ့ ပြည့်သွားပြီး တိုင်တွေ ပြုတ်ကျသွားပြီ၊ လှော်တက်များ ကျိုးသွားပြီး သူတို့သည် တစ်ဦးကိုတစ်ဦး ဖက်ပြီး ငိုကြွေးနေကြတယ်။

158 အဲဒီစစ်မှန်သော အမှောင်မိုက်ဆုံးအချိန်၊ မျှော်လင့်ခြင်းအားလုံး ကုန်ခန်း

သွားတဲ့အချိန်မှာ...သခင်ယေရှု လမ်းလျှောက်လာတယ်။ ဒါပေမယ့် သူတို့ အတွက်ကတော့ ကိုယ်တော်ဟာ အရိပ်သဏ္ဌာန်လို ဖြစ်နေတယ်။ သူသည် တစ္ဆေဖြစ်သည်ဟု ထင်မှတ်လျက်၊ သူတို့သည် ထိတ်လန့်၍ ကြော်က်သောစိတ် နှင့်အော်ဟစ်ကြတယ်။

159 ယနေ့ကာလ၌ ဖြစ်နေတဲ့ အရာကားထိုအရာပင်ဖြစ်သည်။ သင့်ရဲ့ အမှောင် ဆုံးသော နာရီချိန်တွင် ယေရှုလာပါတယ်၊ ဒါပေမယ့် သင်က ထိုအရာကို ကြော်က်နေတယ်။ ဒါဟာ အဘယ်အရာဖြစ်သည်ကို သင်မသိဘူး။

160 ကိုယ်တော်ဟာ အဘယ်သူဖြစ်သည်ကို သူတို့ မသိခဲ့ကြဘူး။ သူတို့က "အို...ဒါ ဝိညာဉ်တစ္ဆေပဲ!" လို့ အော်နေကြတယ်။

161 ထိုအခါ ကိုယ်တော်ကသူတို့အားခေါ်၍၊ "မကြော်က်ကြနှင့်၊ ငါပင်ဖြစ်၏" မိန့်တော်မူတယ်။ အမှောင်ဆုံးအချိန်၌၊ ယေရှုသည် ကြွလာတော်မူ၍ သူ တို့၏အကူအညီဖြစ်တော်မူတယ်။ ကိုယ်တော်၏လမ်းတော်ကား အမြဲတစေဖြစ် လေ့ရှိတယ်၊ ကျွန်တော်တို့ အမှောင်ဆုံးသောအချိန်၌ပင် ကြွလာတတ်တယ်။ ထိုအခါ ယေရှုက ရှေ့သို့တိုးပြီး ကိုယ်ကိုထင်ရှားစွာပြတော်မူပြီး၊ သူတို့ထံသို့ ချဉ်းကပ်လာတော်မူတယ်။

ပေတရုက၊ **"သခင်ကိုယ်တော်မှန်လျှင် အကျွန်ုပ်သည်ကိုယ်တော်ထံသို့ ရေပေါ်မှာလာရမည်အ ကြောင်း မိန့်တော်မူပါ "**

ထိုအခါ ယေရှုက "လာခဲ့လော့" ဟု မိန့်တော်မူတယ်။

162 သိကြလား မိတ်ဆွေတို့။ ဤနောက်ဆုံးကာလမှာ ကိုယ်တော်သည် မကြာ မီ ကြွလာတော့မှုလိမ်မည်။ အသင်းတော်သည် ဒီအမှောင်မိုက်ဆုံးအချိန်ထဲသို့ ထပ်မံရောက်ရှိနေပြန်ပြီဆိုတာ ထူးဆန်းသောအရာ မဟုတ်ဘူးလား။

163 ကျွန်တော် ဒီမှာ တစ်ခုပြောပြမယ်။ ဒါက သွန်သင်ချက်မဟုတ်ဘူး။ ကျွန်တော် ဗျာဒိတ်ပြုနေတာပါ။ ဘာဖြစ်နေတယ်ဆိုတာ သိကြလား။ မကြာမီ အချိန်တစ်ခုရောက်လာတော့မယ်၊ ကျွန်တော်ပြောတဲ့စကားကို မှတ်ထားကြပါ။ ဂိုဏ်းဂဏအပေါင်းထို့သည် ကမ္ဘာ့အသင်းတော်ပေါင်းစည်းရေးကောင်စီထဲသို့

ဝင်ရောက်ကြလိမ့်မည်။ ထိုသို့ မဝင်ရောက်လျှင်၊ သူတို့သည် ထိုကောင်စီရဲ့ ထောက်ပံ့မှုကို ရမှာမဟုတ်ဘူး။ ဒါကြောင့် သပိတ်မှောက်မှုတစ်ရပ် ဖြစ်လာမယ်၊ ဘယ်သူမှ ဒီအသင်းတော်တွေကို သွားလို့မရတော့ဘူး၊ ဘယ်အသင်းတော်ကိုမှ သွားလို့မရတော့ဘူး။ သင့်ကိုယ်ပိုင်အသင်းတော်ကရတဲ့ အမှတ်အသားမရှိရင်၊ ဘာကိုမှ ဝယ်လို့ရမှာမဟုတ်ဘူး၊ ရောင်းလို့လဲမရဘူး။ ကြည့်ပါ၊ အရင်ကဖြစ်ခဲ့ဖူးသကဲ့သို့ ယခုလည်း ထိန်းတူ ဖြစ်လာမည်၊ ယခုလည်း သားရဲ၏ အမှတ်အသားထိ ဖြစ်လာတော့မည်။ ဒါကို အသင်းတော်သည်လည်း၊ ဝိညာဉ်ရေးရာလူများဖြစ်သောကြောင့်၊ထိုအရာများကိုသိမြင်လာကြပြီ။

164 ပြီးတော့ သင်တို့ ပင်တီကော်စတယ် ညီအစ်ကိုတွေလည်း ဒါကို သိမြင်လာကြပြီ။ သင်တို့ စတင် ခံစားလာကြပြီ။ သင်တို့ရဲ့ အသင်းတော်တွေ၊ ပင်တေကော်စတယ် အဖွဲ့အစည်းအများစုဟာ၊ ကျွန်တော် အသင်းတွေရဲ့နာမည်တွေ မခေါ်လိုဘပါ။ သို့သော် ယခုအချိန်၌ သင်တို့သည် ထိုအရာထဲသို့ ဝင်ရောက်လာနေကြောင်းကို—သင်တို့သည် သိနေကြပြီ။ သူတို့ ဖြစ်ခဲ့ကြတယ်ဆိုတာ သက်သေခံခဲ့ပြီးကြပြီ။ ထိုသို့ သင်လုပ်မည်ဆိုလျှင်၊ သင်ဘာကိုစွန့်လွှတ်ရမလဲ။ သင်သည် သန့်ရှင်းသောဝိညာဉ်တော်၏ ဗတ္တိဇံအကြောင်း ဧဝံဂေလိတရား သွန်သင်ချက်ကို စွန့်လွှတ်ရတော့မယ်။ သမ္မာကျမ်းစာ အခြေခံ သွန်သင်ချက်တွေကိုလည်း သင် စွန့်လွှတ်ကြရတော့မယ်။

165 ပြီးတော့ အသင်းသားများက ဒါကို လက်ခံကြမှာ မဟုတ်ဘူး။ စစ်မှန်သော မွေးဖွားခြင်းခံသော ခရစ်ယာန်များသည် ပထမဦးစွာအသေခံကြလိမ့်မယ်။ သူတို့သည် နှုတ်ကပတ်တော်အားဖြင့် သတိပေးခြင်းကိုခံရကြသည်။ ဤအမူအရာရောက်လာမယ့်အကြောင်း သူတို့သိကြပြီ။ ဟုတ်ပါတယ်၊ ညီအစ်ကိုတို့။

166 ဒါက ထူးဆန်းစရာမကောင်းဘူးလား။ ဒီအမှောင်ဆုံးအချိန်ထဲမှာပဲ ယေရှုက ကြွလာပြီး ကျွန်တော်တို့ကို ခေါ်တော်မူတယ်။ "မကြောက်ကြနဲ့။ ငါပါ။ ငါက သင်တို့နဲ့အတူရှိနေဆဲပဲ။ ငါ့နှုတ်ကပတ်တော်ကို ပြသဖို့ ငါ ဒီမှာရှိနေတာ။" လို့ မိန့်တော်မူတယ်။ ထိုအချိန်၌ ကိုယ်တော်သည် ဖြစ်တော်မူသကဲ့သို့၊ ယခုလည်း

ထိုနည်းတူ ဖြစ်တော်မူတယ်။ ထိုအမှုများကို ပြုတော်မူမည်ဟု ကိုယ်တော် မိန့်တော်မူခဲ့တယ်။ အို၊ အံ့သြဖွယ်ပဲ။ သခင် ကြွလာပြီး ကျွန်တော်တို့ကို ခေါ်နေပြီ။

167 ဤအရပ်၌ နာမကျန်းသောသူများစွာရှိကြ၏၊ သူတို့ဒီမှာ ထိုင်နေကြတာ။ ဆရာဝန်က သင့်အတွက် မျှော်လင့်ချက်မရှိတော့ဘူးလို့ ပြောထားတာ ဖြစ်နိုင်တယ်။ သို့ရာတွင် သင်သည် အမှောင်ဆုံးအချိန်၌ ရောက်ကောင်းရောက်နေနိုင်ပေမယ့်၊ မှတ်ထားပါ။ သခင်သည် ကြွလာပြီး သင့်ကို ခေါ်တော်မူပြီ။

168 ပြီးတော့ တစ်နေ့မှာ...တစ်နေ့မှာ၊ သခင်သည် ကြွလာပြီး သိုးသငယ်၏ အသက်စာစောင်၌ နာမည် စာရင်းဝင်သော သူတိုင်းကိုခေါ်တော်မူမည်။ အကယ်၍သင့်အမည် အဲဒီမှာမပါရင်၊ အခုပဲ ရေးထည့်လိုက်ပါ၊ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်တော်ကကြွလာပြီးခေါ်တော့မှာဖြစ်တယ်။ သချိုင်းထဲရောက်နေတဲ့သူတွေတောင် ကိုယ်တော်ရဲ့ အသံကို ကြားရပြီး အသက်ရှင်ခြင်းဘက်သို့ ထွက်လာကြလိမ့်မယ်။ သခင် ကြွလာပြီး သင့်ကို ခေါ်တော်မူမယ်။ သခင်က ကြွလာပြီးသင့်ကိုခေါ်တော်မူမည်။ ဒီနေ့ကိုယ်တော်ခေါ်နေတဲ့အချိန်မှာ၊ ဖြေကြားပြီးအဲဒီနေ့အတွက်ပြင်ဆင်လိုက်ပါ၊ ဒါကတော့ ကျွန်တော့်ရဲ့အကြံပြုချက်ပါ။

169 ဒီကာလရဲ့ကတိတော်သည်၊ ကိုယ်တော်ကဒီမှာရှိနေမယ်လို့ကတိပေးထားတယ်။ ကိုယ်တော် ယခင်အားလုပ်ခဲ့တဲ့အမှုတွေကို ထပ်မံလုပ်မယ်လို့ကတိပေးထားတယ်၊ အခုတစ်ဖန်သခင်ကြွလာပြီး သင့်ကိုခေါ်တော်မူတယ်။

170 ခေါင်းငုံ့ကြစို့။ ကျွန်တော့်ဆီမှာ နောက်ထပ် ခြောက်မျက်နှာလောက်ကျန်သေးတယ်၊ ဒါပေမယ့်အခုအဲဒါကိုဆက်လုပ်နိုင်တော့မှာမဟုတ်ဘူး။ ခေါင်းငုံ့ကြစို့။ ကျွန်တော် သင်တို့ကို စောစောလွှတ်ပေးမယ်လို့ ကတိပေးခဲ့တယ်၊ ပြီးတော့ အခုဆို နာရီပိုင်းကျော်နေပြီ။

171 ကောင်းကင်ဘုံရှင်အဘ၊ အိုသခင်၊ အဲဒါကိုနောက်တစ်ကြိမ်ဖြစ်ပေါ်စေတော်မူပါ။ ကျွန်တော်ပြောခဲ့သမျှသော ဤအရာအလုံးစုံတို့မှာ၊ "ယေရှုရောက်လာပြီ၊ သင့်ကိုခေါ်တော်မူပြီ" ဟူသော သတင်းပင်ဖြစ်သည်၊ ကိုယ်တော်

ကြွလာသောအခါ ဘာကိုပြုတော်မူသနည်း။ ကိုယ်တော် ခေါ်တော်မူ၏။ အို သခင်၊ ထိုအမှုကိုတဖန် ပြန်လည် ဖြစ်ပေါ်စေတော်မူပါ။ သန့်ရှင်းသောဝိညာဉ်တော်သည် ဤညဉ့်၌ ဤလူအစုအဝေးအလယ် ကြွလာတော်မူပါစေ။ သခင်ယေရှု ဝိညာဉ်တော်အသွင်ဖြင့် ကြွလာတော်မူပါ။ ယနေ့ညတွင် ကိုယ်တော်ကြွရောက်လာ၍ မိမိကိုယ်ကို ဖော်ပြတော်စေတော်မူပြီး၊ ထင်ရှားစွာ ပြသစေတော်မူပါ။ ထိုသူတို့ ယုံကြည်ခဲ့သကဲ့သို့ပင်၊ ကျွန်ုပ်တို့လည်း ယုံကြည်ပါမည်၊ သခင်ဘုရား။ ဤနေရာ၌ ဤကဲ့သို့သော အခွင့်အရေးမျိုးကို တစ်ခါမှ မခံစားဖူးသေးတဲ့သူ များစွာရှိနေနိုင်ပါတယ်။ ယနေ့ညမှာ သူတို့အား ထိုအခွင့်အရေးကို ထပ်မံပေးသနားတော်မူပါရန် ဆုတောင်းပါ၏။ ဘုရားသခင်၏ဘုန်းတော်အတွက်နှင့်၊ ယေရှုခရစ်တော်၏ နာမတော်မြတ်အားဖြင့်တောင်းလျှောက်ပါ၏။ အာမင်။

172 ဟုတ်ပါတယ်၊ ညီမ၊ ဆက်လက်လုပ်သွားပါ၊ အဲဒါကောင်းပါတယ်။ ဆက်လုပ်သွားပါ။ အိုး...အားလုံးတိတ်ဆိတ်စွာနေကြပါ။

173 ကိုယ်တော်ကြွလာတော်မူပြီဟု သင်ယုံကြည်ပါသလား။ သူကြွလာပြီ။ ကြွလာရင်ခေါ်ဆဲလား။ ခေါ်ဆဲပါပဲ။ ယခု သင် ယုံကြည်ခြင်း တစ်ခုတည်း သာပြုမည်ဆိုလျှင်။ ဘုရားသခင်၏နှုတ်ကပတ်တော်ကိုသင်ယုံကြည်လျှင်၊ ဘုရားသခင်က ထိုယုံကြည်ခြင်းအတိုင်းပြည့်စုံစေတော်မူမည်။

174 အခုကြည့်ကြစို့၊ ဆုတောင်းလိုင်းကိုခေါ်ဖို့ အချိန်မရှိတော့ပါ။ ဘုရားသခင် အလိုတော်ရှိရင်၊ ဒီညပိုင်းမှာခေါ်မယ်လို့စီစဉ်ထားပါတယ်။ သခင်သည်ကြွလာတော်မူ၏။ နောက်ဆုံးသောကာလ၌မိမိ၏နှုတ်ကပတ်တော်ကိုပြည့်စုံစေဖို့ ကြွလာပြီ။ ကိုယ်တော်ယခင်ကဖြစ်သကဲ့သို့၊ ယနေ့လည်း ဖြစ်နေဆဲပဲ။ ကိုယ်တော်၏ ထင်ရှားခြင်း သို့မဟုတ် အမှတ်လက္ခဏာဟာ ယခင်အတိုင်း ယနေ့လည်း ရှိနေဆဲပါ၊ အကြောင်းမှာ ကိုယ်တော်သည် ဘုရားသခင်၏ နှုတ်ကပတ်တော် ဖြစ်နေဆဲဖြစ်သည်။ သင်တို့ယုံကြည်ကြပါသလား။ ဘုရားသခင်၏ နှုတ်ကပတ်တော်သည်ပိုင်းခြား၍ ထုတ်ခြင်းခွင်းတတ်၏

စိတ်နှလုံး၏ အကြံအစည်များကိုလည်း သိမြင်တတ်၏။ ယခင်က ကိုယ်တော် လုပ်ခဲ့တဲ့နည်းအတိုင်း၊ အစဉ်အမြဲလုပ်လာတဲ့နည်းအတိုင်းပါပဲ။ ကိုယ်တော် သည်မပြောင်းလဲပါ။ အခုကိုယ်တော်ဒါကိုလုပ်ပြရင်၊ သင်တို့ယုံကြည်ကြမလား။ ဒါက သင်တို့ကို ယုံကြည်စေမလား။

175 အခုပြင်ဘက်မှာညီအစ်ကိုတွေ၊ အရင်ဆုံးကျွန်တော်ကြည့်လိုက်ဦးမယ်၊ ဒီနေရာမှာကျွန်တော်သိတဲ့သူတွေ၊ ထိုင်နေကြသူတွေရှိမရှိကြည့်လိုက်ဦးမယ်။

176 ပတ်ပတ်လည်မှာရှိနေကြတဲ့အားလုံး၊ ဒီနေရာမှာကျွန်တော့်ကိုမသိကြတဲ့သူတွေ၊ လက်တွေ မြှောက်ကြပါ။ ကျွန်တော်ကသင့်အကြောင်းဘာမှမသိဘူး၊ ပြီးတော့သင်သည်နာမကျန်းဖြစ်နေတယ်ဆိုရင်၊ လက်မြှောက်ပြကြပါ။ အားလုံး နီးပါးလို့ထင်တယ်။ ကောင်းပြီ၊ အခုသင်တို့ယုံကြည်ကြ။ စိတ်နှလုံးအကြွင်းမဲ့နဲ့ ယုံကြည်ကြ။ သံသယမထားကြနဲ့။ ယုံကြည်ခြင်းရှိကြ။ ဘုရားသခင်ကိုယုံကြည်ကြပါ။

177 သင်တို့ကိုအခုတိတ်ဆိတ်စွာနေပါ၊ ထိုင်နေကြပါ။ အခုလှုပ်ရှားမနေကြပါနဲ့၊ ကျေးဇူးပြုပြီးမလှုပ်ရှားကြပါနဲ့။ မြင်လား။ မြင်လား။ သင်သည်—ဝိညာဉ်၊ ခန္ဓာကိုယ်နှင့် စိတ်ဝိညာဉ်ဖြင့်ဖွဲ့စည်းထားသောသူဖြစ်တယ်။ သင့်ဝိညာဉ်... သန့်ရှင်းသောဝိညာဉ်တော်သည် အလွန်နူးညံ့သိမ်မွေ့တော်မူ၏။

178 လွန်ခဲ့သော နှစ်ပေါင်းများစွာက၊ သန့်ရှင်းသောဝိညာဉ်တော်သည်၊ ဤနေရာသို့ရောက်လာပြီး သင်တို့အား ပြောခဲ့သည်ကို ဘယ်နှစ်ယောက်မှတ်မိကြလဲ။ လူတွေရဲ့လက်ကို ကျွန်တော်ကိုင်တဲ့အခါ၊ ဒီခွဲခြားသိမြင်နိုင်သော ဆုကျေးဇူးရောက်လာမယ်၊ ပြီးတော့ ဆက်သွားမယ်လို့ ကိုယ်တော်က ကျွန်တော့်ကို ပြောခဲ့တာ မှတ်မိကြလား။ သင်တို့ ဒါကို မှတ်မိကြလား၊ သတိရကြလား။ ဒါပေမယ့် ကိုယ်တော်က၊ “လူတွေကို မင်းကိုယုံကြည်အောင် လုပ်နိုင်မှ” လို့ ပြောခဲ့တယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက သင်တို့ကို မှတ်မိလား။ သင်တို့ ယုံကြည်ဖို့လိုတယ်။

179 ကျွန်တော် လူတစ်ယောက်ကို တွေ့ခဲ့တယ်၊ ဒီအောက်ဘက် အခြား

စည်းဝေးပွဲတစ်ခုမှာ ဖြစ်မယ်ထင်တယ်၊ ဟိုမှာ ထိုင်နေတာ။ သန့်ရှင်းသော ဝိညာဉ်တော်...ကျွန်တော် ဟောနေတုန်း သူ့ကို စောင့်ကြည့်နေခဲ့တယ်။ သူဟာ ခြေမစုံတဲ့လူတစ်ယောက်။ သူ့လက်မောင်းအောက်တွင် ချိုင်းထောက်တွေ ကိုင်ထားတယ်။ ကျွန်တော် ခေါ်ဖို့စပြုလိုက်တဲ့အခိုက်၊ စာတန်က အဲဒီလူဆီကို အမှောင်ရိပ်တစ်ခုအနေနဲ့ ရောက်လာတယ်။ ကျွန်တော် ကိုယ်တိုင် မြင်ခဲ့တယ်။ သူထပြီး ထွက်သွားတယ်။ သူသည် ယုံကြည်မှုမရှိသောကြောင့် နာကျင်မှုထဲ အမြဲတမ်းဆက်ရှိနေလိမ့်မယ်၊ ကြည့်ပါ။ အကယ်၍ သူသာ အနည်းငယ်မျှသာ ယုံကြည်လက်ခံမယ်ဆိုရင်—ကျန်းမာခြင်းရရှိနိုင်မယ်...မြင်လား။ ဒါပေမယ့် ဘာကြောင့်လဲဆိုတာ ကျွန်တော်မသိဘူး။ သူဟာ ရန်သူစကားကိုပဲ နားထောင်လိုက်တာပဲ ထင်တယ်။ ဒါပေမယ့် သင်တို့သာ ရပ်ပြီး ဒီအမှောင်ရိပ်တွေကို စောင့်ကြည့်မယ်ဆိုရင်...အဲဒီအရာတွေကို ပုံသဏ္ဌာန်နဲ့၊ သူတို့ရဲ့ ဖြစ်တည်မှုအတိုင်း ကြည့်ပါ၊ သူတို့လုပ်ဆောင်ပုံကို သတိထား ကြည့်မယ်ဆိုရင်။ ကြည့်ပါ၊ ထိုအရာလို...

180 ကဲ၊ ကျွန်တော် မကျန်းမာစေနိုင်ဘူး။ သင်ကို ကျွန်တော်ကျန်းမာစေနိုင်တယ်လို့ ပြောသူမှားတယ်။ သင်ဟာ ကျန်းမာပြီးသားဖြစ်တယ်။ ဒါပေမယ့် အရေးကြီးတာက ၎င်းသည် ယေရှုခရစ်၏ တည်ရှိခြင်းကို အသိအမှတ်ပြုဖို့ပါ။ မာသကသာ ကိုယ်တော်ကို နောက်တစ်ကြိမ်ပြန်မြင်ရရင် သူမရဲ့ဆန္ဒပြည့်မယ်ဆိုတာ သိခဲ့ရင်...ကိုယ်တော်ဟာ ထင်ရှားပြီးသားနှုတ်ကပတ်တော် ဖြစ်တဲ့အတွက်၊ ကျွန်တော်တို့ ဒီညမှာ အနည်းဆုံး ဒီလောက်တော့ ယုံကြည်နိုင်မလား။ ယုံကြည်ဖို့လိုတယ်။ မုချယုံကြည်သင့်တယ်။ ကိုယ်တော်ရောက်လာပြီ။ ကိုယ်တော်ရောက်လာပြီ၊ သန့်ရှင်းသောဝိညာဉ်တော် ပုံသဏ္ဌာန်နဲ့ ကြွလာပြီ။ ဒါပဲ ကိုယ်တော်ဟာ။ အခု သင်တို့ ဆုတောင်းလိုက်ကြပါ။

181 ကြည့်လေ၊ ဒီမှာ ကျွန်တော့်ဘေးမှာ တစ်ယောက်ယောက် ရပ်နေပြီး၊ ဒီ–ဒီမှာပဲ ဆုတောင်းနေတာ၊ မြင်လား၊ ဒီအဆောက်အဦတစ်ခုလုံး လူတွေ ဆုတောင်းနေကြတယ်။ သင်စောင့်ကြည့်ရုံပဲ။ "ပြောပါ၊ ညီအစ်ကို ဘရန်ဟ

မ်...” လို့ သင်ပြောလို့မရဘူး။ မရပါဘူး။ ကျွန်တော်...ကျွန်တော်လည်း မလုပ်နိုင်ဘူး၊ သင်ကျွန်တော့်အတွက် အိပ်မက်မက်ပေးလို့မရသလိုပဲ။ မြင်လား။ သင်မက်ကောင်းမက်မယ်။ ဘုရားသခင်က သင့်ကို ကျွန်တော့်အကြောင်း အိပ်မက် မက်ခိုင်းကောင်းခိုင်းမယ်၊ ဒါကို သင်ယုံကြည်နိုင်တယ်၊ ဒါပေမယ့် သင်ကိုယ်တိုင် ဒါကို လုပ်လို့မရဘူး။ “ညီအစ်ကိုဘရန်းဟမ်၊ ယခု ကျွန်တော် သင့်အကြောင်း အိပ်မက်တစ်ခု မက်မည်။” လို့ သင်ပြောလို့မရဘူး။ မရဘူး၊ သင်ဒါကိုမလုပ်နိုင်ဘူး။ ကျွန်တော်လည်း ဗျာဒိတ်ရူပါရုံ မြင်အောင်ကြိုးစားလို့မရသလိုပဲ။ သင့်ကို အိပ်မက်ပေးသူဟာ ဘယ်သူဖြစ်ဖြစ်၊ သူကပေးမှရမယ်။ ရူပါရုံအတွက်လည်း အတူတူပါပဲ။

182 ကျွန်တော်မြင်တယ်...ဒီတန်းနောက်ဆုံးမှာ ထိုင်နေတဲ့ လူတစ်ယောက်ကို ကျွန်တော်မြင်ရတယ်၊ သူ၌ အဆစ်ရောင်ရောဂါရှိနေတာ။ သူသာ စိတ်နှလုံးအကြွင်းမဲ့ ယုံကြည်မယ်ဆိုရင်၊ ဘုရားသခင်က သူ့ရဲ့ အဆစ်ရောင်ရောဂါကို ကျန်းမာစေတော်မူလိမ့်မယ်။ ဒါကိုယုံကြည်ပါသလား ခင်ဗျာ? ဟိုဘက်က မက္ကဆီကန်လူမျိုး အမျိုးသား၊ အတန်းနောက်ဆုံးမှာ ထိုင်နေတဲ့သူ၊ ယုံကြည်မလား။ ကောင်းပြီ ခင်ဗျာ။

183 ခင်ဗျားဘေးမှာ ထိုင်နေတဲ့ အမျိုးသမီးလည်း၊ သူမလည်း အဆစ်ရောင်ရောဂါရှိနေတယ်။ ဘုရားသခင်က သင့်ကိုကျန်းမာစေမယ်လို့ ယုံကြည်ပါသလား အမျိုးသမီး? (ဒီစကား ပြန်ရိုက်ခတ်သွားသလား။ လူတွေ့ မကြားရမှာ စိုးရိမ်တယ်။) ယုံကြည်လား။ ကောင်းပြီ။

184 သူမနဲ့အတူ ထိုင်နေတဲ့ အခြား မက္ကဆီကန် အမျိုးသမီးလေးကရော။ သူမဟာ အစာအိမ် ဝေဒနာခံစားနေရတယ်။ ဘုရားသခင်က သင့်အစာအိမ်ရောဂါကို ကျန်းမာစေမယ်လို့ ယုံကြည်ပါသလား အမျိုးသမီး။

185 သူမရသွားပြီ။ အလင်းရောင်ကျသွားတာ ကျွန်တော် မြင်တဲ့အခါ၊ အဲ့ဒါ ဖြစ်ပျက်သွားပြီလို့ ဆိုတဲ့အဓိပ္ပါယ်ပဲ။ ဟုတ်တယ်။ အဲဒီလိုပဲ။ အဲဒါက သူမ အပေါ် သက်ရောက်သွားပြီ။ ကြည့်ပါ၊ သူမပတ်လည်မှာ လှည့်လည်နေတာ....

[တိပ်ခွေပေါ်က ဗလာနေရာ—Ed.]...ဒါက အမူကိုပြီးမြောက်စေတာ။ မြင်ကြလား။ ကိုယ်တော် ယုံကြည်ခြင်းကို ရှာတွေ့တဲ့အခါ။ မြင်လား၊ "သူတို့မယုံကြည်သောကြောင့် ကိုယ်တော် မလုပ်နိုင်သော အရာများစွာရှိ၏။"

186 ဒီမှာ အမျိုးသမီးတစ်ဦး ဒီမှာထိုင်ပြီး ဆုတောင်းနေတယ်၊ ဒီမှာပဲ။ သူမ ကြောက်နေတယ်။ ကြောက်သင့်တယ်။ သူမမှာ ကင်ဆာရောဂါ အခြေအနေဆိုးဝါးစွာရှိနေတယ်။ ကျွန်တော် သင့်ကိုမသိဘူး၊ ဒါပေမယ့် ဘုရားသခင်သိတယ်။ ဘုရားသခင်က ကျွန်တော့်ကို ဒီကင်ဆာအကြောင်း သို့မဟုတ် အခြားအရာတစ်ခုခု ပြောပြနိုင်တယ်ဆိုတာ သင်ယုံကြည်ပါသလား။ ကျွန်တော့်ကို ကြည့်ပါ။ အဲလောက်များတဲ့လူတွေ ဆုတောင်းနေကြတာ၊ မြင်လား၊ ကျွန်တော် ဒါကိုပြောရတဲ့အကြောင်းရင်းပါ။ ကျွန်တော်တို့ကိုကြည့်ပါ။ အခုတော့၊ ဟုတ်တယ်၊ သင် ဒီနေရာကလူမဟုတ်ဘူး၊ ဒီနေရာက သင့်အိမ်မဟုတ်ဘူး။ သင် က ကာလီဖိုးနီးယားပြည်နယ်၊ ပိုတာဗီးလ်ဆိုတဲ့နေရာကလာတာ။ မှန်တယ်။ ဘုရားသခင်က သင့်ကိုဘယ်သူလဲဆိုတာ ကျွန်တော့်ကို ပြောပြနိုင်တယ်ဆိုတာ သင်ယုံကြည်ပါသလား။ ကိုယ်တော်သိတယ်။ သင့်နာမည်က မစ္စစ် ဝင်သမ်ပါ။ မှန်တယ်။ အခု ယုံကြည်လိုက်ပါ၊ ဒါဆို ကင်ဆာရောဂါ သင့်ဆီကထွက်သွားလိမ့်မယ်။ "သင်ယုံကြည်နိုင်မယ်ဆိုရင်" ဆိုတာ ဘုရားသခင်က သင့်ကိုတောင်းဆိုတဲ့တစ်ခုတည်းသောအရာပါ။ "သင်ယုံကြည်နိုင်မယ်ဆိုရင်။"

187 သင်ဒါကို စိတ်နှလုံးအကြွင်းမဲ့ မယုံကြည်နိုင်ဘူးလား။ ဒီကဏ္ဍက တစ်စုံတစ်ယောက်၊ သင်တို့ မယုံကြည်နိုင်ဘူးလား။ သခင် ကြွလာပြီး သင့်ကို ခေါ်ပြီ။ သေခြင်းကနေ အသက်ရှင်ခြင်းသို့၊ ဖျားနာခြင်းကနေ ကျန်းမာခြင်းဆီကို သင့်ကိုခေါ်နေတယ်။

188 ဒီမှာ အမျိုးသားတစ်ဦး ဒီနောက်ဖက်မှာထိုင်ပြီး ခေါင်းငုံ့ကာ ဆုတောင်းနေတယ်။ အမှန်တကယ်တော့ သူ့အတွက်ဆုတောင်းနေတာမဟုတ်ဘူး၊ အခြားတစ်စုံတစ်ယောက်အကြောင်း ဆုတောင်းနေတာ။—မိန်းကလေးတစ်ယောက်ပါ။ သူ့သမီးပါ။ ယုံကြည်ပါသလား ခင်ဗျာ။ သင့်ခြေထောက်မှာ ပြဿနာ

ရှိတယ်။ ဒူးမှာ ပြဿနာရှိတယ်။ မှန်တယ်။ ငိုစရာမလိုဘူး၊ ကိုယ်တော်က ခင်ဗျားဘေးမှာ ရှိနေတယ်။ သင့်သမီးက ဆေးရုံမှာ မဟုတ်လား။ တီဘီရောဂါ ဖြစ်နေတယ်။ ယုံကြည်လိုက်ပါ။ ယုံကြည်ပါသလား။ သခင်ကြွလာပြီး သူ့ကို ခေါ်နေတယ်။ သူမ၏ ဖခင်ကဲ့သို့ သင်ယုံကြည်မလား။ ယုံကြည်မည်လား။ ကိုယ်တော်သည် ဒီည သူမထံသို့ ကြွရောက်တော်မူပါစေ။ ထိုအမူအရာအားလုံး အဆုံးသတ်သွားပါစေ။

189 ဒီမှာ ကလေးလေးတစ်ယောက်၊ အသားညိုညိုကလေးလေး။ သူ အရေပြားရောဂါနဲ့ ပန်းနာရင်ကြပ်ဒဏ် ခံစားနေရတယ်၊ မက္ကဆီကန်ကလေးလေး၊ မက္ကဆီကန်ကလေး ဟိုမှာထိုင်နေတာ။ သူ ဒီနေရာက မဟုတ်ဘူး။ ဆန်ဟိုးဇေးကလာတာ။ ယုံကြည်ပါသလား သားလေး။ နောက်တစ်ခုရှိတယ်၊ မင်းအဖေက မင်းနဲ့အတူ ဒီမှာရှိနေတယ်။ သူသည် အမှုတော်ဆောင်တစ်ဦးပါ။ မှန်တယ်။ ဘုရားသခင်က မင်းနာမည်ဘယ်သူလဲဆိုတာ ကျွန်တော့်ကို ပြောပြနိုင်တယ်ဆိုတာ မင်းယုံကြည်ပါသလား။ ဒါက မင်းကို အရမ်းခိုင်မာတဲ့ ယုံကြည်ချက်ပေးမလား။ သင့်နာမည်က ရုဗင်ပါ။ အခု ယုံကြည်လိုက်ပါ။ အင်း–ဟမ်။ ဘုရားသခင်က သင့်ကို ကျန်းမာစေလိမ့်မယ်။

190 သခင်ကြွလာပြီး သင့်ကိုခေါ်နေတယ်။ အို၊ အပြစ်သား၊ အိုနာမကျန်းသူ၊ ယုံကြည်သူတွေအလယ်မှာ လူဇာတိအားဖြင့် ထင်ရှားစွာပြသတော်မူသော သခင်ကို သင်မမြင်သလား။ ကိုယ်တော်သည် ယုံကြည်သောသားသမီးများကို ကျန်းမာခြင်းသို့ ခေါ်ရန် ကြွလာပြီ။ အပြစ်သားကို နောင်တရခြင်းသို့ ခေါ်ရန်ကြွလာပြီ။ နောက်ပြန်လှည့်သွားသောသူ၊ အသင်းတော်ဝင်၊ သခင်ကြွလာပြီး သင့်ကိုခေါ်နေတယ်။

191 သင်ယုံကြည်ပါသလား။ သင့်လက်ရှိလိုအပ်ချက်အတွက် ယုံကြည်ပါသလား။ ယုံကြည်လျှင်၊ လက်မြှောက်ပြပါ။ "ကျွန်ုပ်၏လိုအပ်ချက်အတွက် ကျွန်ုပ်ယုံကြည်ပါ၏။" ဟု ပြောပါ။ ထို့နောက် သင့်ခြေထောက်ဖြင့် ထရပ်လိုက်ပြီး လက်ခံလိုက်ပါ။ သခင်ရောက်လာပြီး သင့်ကိုခေါ်နေပါပြီ။ သင်ဘယ်သူပဲ

ဖြစ်ဖြစ်၊ သင့်မှာ ဘယ်လိုလိုအပ်ချက်ပဲရှိရှိ၊ သခင်လာပြီး သင့်ကိုခေါ်နေပါပြီ။ ကိုယ်တော်သည် မနေ့၊ ယနေ့နှင့် နောင်ကာလအစဉ်အမြဲတည်တော်မူ၏။

192 အဲဒီမိန်းမလေးသည် မြို့ထဲဝင်သွားပြီး၊ "လာကြပါ၊ ကျွန်မအမှား ဘာလဲဆိုတာ ပြောပြတဲ့ သူတစ်ယောက်ကို လာကြည့်ပါ။" လို့ပြောခဲ့တယ်။ သင်တို့တော့ မြို့ထဲမဝင်ခဲ့ကြဘူး။ သင်တို့ကိုယ်တိုင် လာရောက်ကြည့်ရှုခဲ့ကြတယ်၊ ဒါကြောင့် သခင်ကြွလာပြီး သင့်ကိုခေါ်နေတာ။

193 လက်တွေမြှောက်ပြီး ကိုယ်တော်ကို ချီးမွမ်းကြ၊ "အို ကျေးဇူးရှင် ယေရှု၊ ကျွန်ုပ်အပြစ်သားဖြစ်ပါ၏၊ ကျွန်ုပ်ခွင့်လွှတ်တော်မူပါ။ ကျွန်ုပ်သည် နောက်ပြန်လှည့်သူဖြစ်သည်။ ကျွန်ုပ်ကို ပြန်လည်လက်ခံတော်မူပါ။ ကျွန်ုပ် သန့်ရှင်းသောဝိညာဉ်တော်လိုအပ်ပါ၏၊ ဖြည့်တော်မူပါ။ ကျွန်ုပ် ကျန်းမာခြင်းလိုအပ်တယ်၊ ကျန်းမာစေတော်မူပါ။ ကျွန်တော်/ကျွန်မ မသန်စွမ်းပါ။ ကျွန်တော့်ကို ကျန်းမာစေပါ။" သခင်က လာပြီး သင့်ကို ခေါ်နေပြီ။ လက်တွေမြှောက်ပြီး ယခုပဲ ကိုယ်တော်ကို ချီးမွမ်းကြလော့။ အာမင်။

194 (ဒီမှာ သီချင်းလေးတစ်ပုဒ် ပေးလိုက်ပါ၊ "ကိုယ်တော်ကို ကျွန်ုပ်ချီးမွမ်းပါမယ်၊ ကိုယ်တော်ကို ကျွန်ုပ်ချီးမွမ်းပါမယ်။" သိလား? "ကိုယ်တော်ကို ကျွန်ုပ်ချီးမွမ်းပါမည်၊" ဆိုတဲ့ သီချင်းပေါ့။ ဒါသိကြတယ်နော်။)

သင်ယုံကြည်ပါသလား။

ကိုယ်တော်ကို ကျွန်ုပ်ချီးမွမ်းပါမယ်၊ ကိုယ်တော်ကို ကျွန်ုပ်ချီးမွမ်းပါမယ်၊
အို၊ အပြစ်သားတို့အတွက် စီရင်ခြင်းခံရသော သိုးသငယ်ကို ချီးမွမ်းလော့။
လူအပေါင်းတို့၊ ကိုယ်တော်အား ဘုန်းတော်ချီးမြှောက်ကြလော့။
အကြောင်းမူကား ကိုယ်တော်၏အသွေးတော်သည် အညစ်အကြေးရှိသမျှကို ဆေးကြောတော်မူပြီ။

195 သင်တို့ ကိုယ်တော်ကို ချစ်ကြပါသလား။ အခု ကိုယ်တော်ဒီမှာရှိနေတုန်း ကိုယ်တော်အတွက် သီချင်းဆိုရတာ မနှစ်သက်ဘူးလား။ ကိုယ်တော်သည် ဝိညာဉ်တော်ဖြစ်ပြီး၊ ဒီအဆောက်အဦးတစ်ခုလုံးမှာ လှုပ်ရှားနေတယ်။ ကိုယ်တော်က သင်တို့ရဲ့ စိတ်နှလုံးတွေကို သိတယ်၊ သင်တို့အကြောင်း အကုန်သိတယ်။ စိတ်နှလုံးအကြွင်းမဲ့နဲ့ ကိုယ်တော်အတွက် သီဆိုကြစို့။

ကိုယ်တော်ကို ချီးမွမ်းပါမည်...

သီဆိုတဲ့အခါ လက်တွေမြှောက်ပါ။

ကျွန်နုပ်...

အခု ကိုယ်တော်ကို ချီးမွမ်းကြစို့။

...ကိုယ်တော်ကို ချီးမွမ်းကြလော့၊
အို၊ အပြစ်သားတို့အတွက် စီရင်ခြင်းခံရသော သိုးသငယ်ကို ချီးမွမ်းလော့။
အို၊ လူအပေါင်းတို့၊ ကိုယ်တော်အား ဘုန်းအသရေပေးကြလော့၊
အကြောင်းမူကား ကိုယ်တော်၏အသွေးတော်သည် အညစ်အကြေးရှိသမျှကို ဆေးကြောတော်မူပြီ။

196 အိုး...အမျိုးသမီး၊ ဘီးတပ်ကုလားထိုင်ပေါ်က အမျိုးသမီး၊ သင်ဒီမှာပဲ နည်းနည်းထပ်ယုံကြည်မယ်ဆိုရင်...

ကျွန်နုပ်...

နောက်တစ်ကြိမ် ကြိုးစားကြည့်ရအောင်။ ကျွန်တော် တစ်ခုခုကို စောင့်နေတယ်။

ကိုယ်တော်ကို ချီးမွမ်းပါမည်၊ ကိုယ်တော်ကို ချီးမွမ်းပါမည်၊

အို့၊ အပြစ်သားတို့အတွက် စီရင်ခြင်းခံရသော သိုးသငယ်
ကို ချီးမွမ်းလော့။
အို့၊ လူအပေါင်းတို့၊ ကိုယ်တော်အား ဘုန်းအသရေပေးကြ
လော့၊
အကြောင်းမူကား ကိုယ်တော်၏အသွေးတော်သည်
အညစ်အကြေးရှိသမျှကို ဆေးကြောတော်မူပြီ။

197 ယခု ဒီသီချင်းကို ထပ်ဆိုနေတုန်းမှာ၊ လှည့်ပြီး ဘေးကလူတစ်ယောက်ရဲ့
လက်ကို ကိုင်လိုက်ပါ။ သီဆိုနေတုန်းမှာပဲ၊ "ကိုယ်တော်ကို ကျွန်ုပ်ချီးမွမ်းပါမယ်"
ဆိုပြီး အတူတူဆိုလိုက်ပါ။ လာကြစို့၊ အားလုံးအတူတူ အခုပဲ။

ကိုယ်တော်ကို ချီးမွမ်းပါမည်၊ ကိုယ်တော်ကို ချီးမွမ်းပါ
မည်၊
အပြစ်သားတို့အတွက် စီရင်ခြင်းခံရသော သိုးသငယ်ကို
ချီးမွမ်းလော့။
လူအပေါင်းတို့၊ ကိုယ်တော်အား ဘုန်းအသရေပေးကြ
လော့၊
အကြောင်းမူကား ကိုယ်တော်၏အသွေးတော်သည်
အညစ်အကြေးရှိသမျှကို ဆေးကြောတော်မူပြီ။

198 အို့...အပြစ်သားမိတ်ဆွေတို့၊ ယခု ဒီကိုလာပြီး ကိုယ်တော်ကို ချီးမွမ်းကြမ
လား။ လူအပေါင်းတို့၊ ဒီကိုတက်လာပြီး ကိုယ်တော်ကို ချီးမွမ်းကြပါ။ အားလုံး
သောလူတို့၊ ကိုယ်တော်ကို ကယ်တင်ရှင်အဖြစ် ဝန်ခံလိုသူအားလုံး။ ကိုယ်တော်
ရှိတော်မူချိန်၊ သန့်ရှင်းသူတွေ ဝိညာဉ်တော်အားဖြင့် ကိုးကွယ်နေချိန်၊ ဒီကိုလာ
ပြီး ရပ်မလား။ "ကျွန်ုပ် ဒီည သက်သေခံချင်တယ်။ ကျွန်ုပ် ကိုယ်တော်ကို ချီးမွမ်း
ချင်တယ်။ ကျွန်ုပ် လာချင်တယ်။ ကျွန်ုပ် ကိုယ်တော်ကို ရှက်ကြောက်ခြင်းမရှိပါ။
ကိုယ်တော် ဒီမှာရှိနေတုန်း၊ ကျွန်ုပ်ကိုယ်တော်ကို ကျွန်ုပ်၏ကယ်တင်ရှင်အဖြစ်
လက်ခံကြောင်း လောကကြီးသိစေချင်တယ်" လို့ ဆိုလိုက်ပါ။ ကျွန်တော်တို့ သီ

ဆိုနေတုန်း လာကြပါ။

ကိုယ်တော်ကို ချီးမွမ်းပါမည်...

သင်တို့ မလာကြဘူးလား။

...ကိုယ်တော်ကို ချီးမွမ်းပါမည်၊
အို၊ အပြစ်သားတို့အတွက် စီရင်ခြင်းခံရသော သိုးသငယ်
ကို ချီးမွမ်းလော့။
အို၊ လူအပေါင်းတို့၊ ကိုယ်တော်အား ဘုန်းအသရေပေးကြ
လော့၊
အကြောင်းမူကား ကိုယ်တော်၏အသွေးတော်သည်
အညစ်အကြေးရှိသမျှကို ဆေးကြောတော်မူပြီ။

199 အိုး...ဒါပဲ အမျိုးသမီး၊ ရဲရဲတင်းတင်း လာလိုက်ပါ။ ခရစ်တော်ရှိတော်မူချိန်မှာ ဘယ်သူတွေ ထပ်လာကြမလဲ။ ဒီကိုလာလိုက်ပါ ညီမ၊ ဒီမှာရပ်လိုက်ပါ။

200 ယခုချိန်မှာ သူ့ကို သင့်ရဲ့ကယ်တင်ရှင်ဖြစ် လက်ခံလိုသော၊ တခြားသူတစ်ယောက်ရှိတယ်၊ အဲဒါ ရှက်စရာမဟုတ်ဘူး။ ကိုယ်တော်ကပြောခဲ့တယ်၊ "လူတို့ ရှေ့မှာ ငါ့ကို ရှက်ရင်၊ ငါ့ခမည်းတော်နှင့် သန့်ရှင်းသောကောင်းကင်တမန်တို့ရှေ့မှာ သင့်ကို ငါရှက်လိမ့်မည်။" ယခု ကိုယ်တော်အတွက် မရှက်ဘဲ ကိုယ်တော်ရှိစဉ် ကိုယ်တော်ကို ကယ်တင်ရှင်အဖြစ် လိုချင်ပါက! သင်ကိုယ်တော်အား မြင်တွေ့ပြီးဖြစ်သည်။ အရမ်းပြည့်စုံလွန်းတယ်၊ နှုတ်ကပတ်တော်ကိုယ်တိုင်က သူ့ကိုယ်သူထင်ရှားစေတယ်။ သန့်ရှင်းသူတွေ ကိုးကွယ်နေတုန်း လာလိုက်ပါ။ လာမလား။

201 ဘုရားသခင် ကောင်းချီးပေးပါစေ ခင်ဗျာ။ အဘွားအိုတစ်ယောက် တကယ့် အရွယ်ရောက်လာပါပြီ။ အခု လာမလား။

ကျွန်နုပ်

အခု ဆိုကြစို့။

...ကိုယ်တော်ကို ကျွန်ုပ်ချီးမွမ်း...

202 မှန်ပါတယ်၊လူငယ်တွေ၊ တုံ့ဆိုင်းမနေပဲ ယခုချက်ခြင်းလာကြပါ။ ချီးမွမ်းလိုက်ပါ။ ဘုရားသခင်က သင့်ကိုကောင်းချီးပေးပါစေ အမျိုးသမီး၊ ဒီလိုလုပ်ရမှာပါ။ ဘုရားသခင်က သင့်ကိုကောင်းချီးပေးပါစေ လူငယ်တို့။

...အပြစ်သားတို့အတွက် စီရင်ခြင်းခံရသော
လူအပေါင်းတို့၊ ကိုယ်တော်အား ဘုန်းတော်ချီးမြှောက်ကြ
လော့။
အကြောင်းမူကား ကိုယ်တော်၏အသွေးတော်သည်
အညစ်အကြေးရှိသမျှကို ဆေးကြောတော်မူပြီ။

203 သင်းအုပ်ဆရာတွေ ဤလူများထံသို့သွားနေကြစဉ် အခြားတစ်စုံတစ်ယောက် မလာကြဘူးလား။ နောက်ပြန်လှည့်သွားသောသူ၊ သင်လာမလား၊ "ကျွန်ုပ်အသက်တာအတွက် ရှက်မိပါတယ်" လို့ ဝန်ခံမလား? ကိုယ်တော်သည် ဤနေရာ၌ ရှိနေတယ်။ ကျွန်တော့်ကို ဘုရားသခင်၏အစေခံဟု ယုံကြည်ပါသလား။ သင်ထို့၏ လက်များကို မြှောက်ကြပါ။ အဘယ်ကြောင့်ဆိုသော် ယေရှုခရစ်တော်သည် ကျွန်ုပ်တို့အလယ်၌ရှိတော်မူပြီ။ သင်မလာချင်ဘူးလား။

ကိုယ်တော်အား ဘုန်းတော်ကို ပေးသနားတော်မူပါ...
ကိုယ်တော်အား ဘုန်းတော်ချီးမွမ်းရန် သင်မလာချင်ဘူးလား။

...လူတွေ၊
ကိုယ်တော်၏အသွေးတော်သည် ဆေးကြောခြင်းခံရပြီ...

204 မာသ၊ သင်လာမှာလား၊ ဒါမှမဟုတ် မာရိနဲ့အတူ အိမ်မှာပဲ ထိုင်နေမှာလား။ သင်ဟာ တစ်ချို့သော အဖွဲ့အစည်းတွေနောက်မှာ ကျွန်ရစ်နေမည်လား၊ ခရစ်တော်သည် ထင်ရှားပြသခြင်းခံရတဲ့အချိန်မှာ "အိုး...ကျွန်ုပ်၏အသင်းတော်က ဒီလိုမယုံကြည်ဘူး" လို့ ပြောနေမလား။ သင်ဟာ နောက်ပြန်ထိုင်ပြီး ဒါကို ပြောနေမလား၊ ဒါမှမဟုတ် ထွက်လာမလား။ "ကောင်းပြီ...ကျွန်တော်ပြောမယ်၊

ကျွန်တော်...” မဆိုပါနဲ့။ ယနေ့၊ အခုချိန်ဟာ ဆုံးဖြတ်ရမည့်အချိန်ဖြစ်သည်။ သေခြင်းသည် ယာကုရုရဲ့သမီးလေးအနားမှာ ရှိသကဲ့သို့ သင့်အနားမှာလည်းဝိုင်းရံနေပြီ။

205 အခု လာလော့။ နောက်ပြန်ဆုတ်သူ၊ အခု လာလော့။ အပြစ်သား၊ အခု လာလော့။ ဒါက အရေးကြီးတဲ့ အချိန်ဖြစ်တယ်။ သခင်ဘုရား ကြွလာပြီး သင့်ကိုခေါ်နေတယ်။ ကိုယ်တော်က သင့်ကိုခေါ်နေတယ်။ သင်ပြောမယ် “ကျွန်တော်ဘယ်လိုသိမှာလဲ။” ကိုယ်တော်က ကျွန်တော့်အသံကို အသုံးပြုနေတယ်။ အကယ်၍ ကိုယ်တော်သည်၊ ဒုက္ခဆင်းရဲခြင်းနှင့် အခြားသောအရာများကို ပြောကြားဖို့ကျွန်တော့်အသံကိုအသုံးပြုတယ်ဆိုရင်၊ အပြစ်အတွက်လည်း ခေါ်နေတယ်ဆိုတာသင်မသိဘူးလား။ ထွက်လာလော့! အခုလာလော့၊ ဒါက သင့်အတွက် နောက်ဆုံးအခွင့်အရေးဖြစ်ကောင်းဖြစ်နိုင်တယ်။

206 နောက်ထပ်တစ်ကြိမ်၊ ဤနေရာ၌ ထပ်လာရမည့်သူများ များစွာရှိသေးတယ် မိတ်ဆွေတို့။ ကျွန်တော် သင့်ကို ဒီလိုခေါ်ထုတ်ပြီး ရှက်စေချင်တာမဟုတ်ဘူး။ မှန်ကန်သောအရာ မဟုတ်ဘူး။ တစ်ခါတစ်လေ သင်ဖြစ်ကောင်းဖြစ်နိုင်တယ်...ထိုဖာရိရှဲတွေက သူတို့ကယ်တင်ခြင်းရပြီလို့ ထင်ခဲ့ကြတယ်၊ ဒါပေမယ့် မရခဲ့ကြဘူး။ သင်လည်း အလားတူပဲ တွေးနေတယ်။ အခုလာလော့။

207 သေချာပါစေ! မလုပ်ပါနဲ့၊ မလုပ်ပါနဲ့၊ အဲဒီအပေါ် တစ်ဝက်တစ်ပျက် မျှော်လင့်ချက်နဲ့ မနေပါနဲ့။ သင့်စိတ်ထဲ သံသယအနည်းငယ်ရှိရင်၊ ဘာအခွင့်အရေးမှ မယူပါနဲ့။ လာကြပါ အခု။ အခုက အချိန်ပဲ၊ အခုပဲ စမ်းရေတွင်းဖွင့်နေတုန်း၊ သန့်ရှင်းသောဝိညာဉ်တော်ရှိနေတုန်း။ သခင်ကြွလာပြီ။ ထိုသေးငယ်တဲ့ သံသယပဲ၊ သင့်ကို ကိုယ်တော်က၊ “သင်သံသယစိတ်ရှိနေတယ်။” လို့ ပြောချင်နေတဲ့အရာဖြစ်တယ်။ ထိုအရာကိုစွန့်လွှတ်လိုက်ပါ။ လာကြစို့ အခု။ ကျေးဇူးရှင်ကြွလာပြီး သင့်ကိုခေါ်နေတယ်။ မှန်တယ်၊ ဆက်လာကြ၊ ဆက်ပြီးလာကြ။

ကိုယ်တော်ကို ချီးမွမ်းပါမည်၊ ကိုယ်တော်ကို ချီးမွမ်းပါ

မည်၊

ကိုယ်တော်အား ချီးမွမ်းခြင်း မပြုဘဲနေမည်လော။

အပြစ်သားတို့အတွက် စီရင်ခြင်းခံရသော သိုးသငယ်ကို ချီးမွမ်းလော့။

လူအပေါင်းတို့၊ ကိုယ်တော်အား ဘုန်းအသရေပေးကြလော့၊

အကြောင်းမူကား ကိုယ်တော်၏အသွေးတော်သည် အညစ်အကြေးရှိသမျှကို ဆေးကြောတော်မူပြီ။

208 အခု အပြစ်သားတွေလာနေတုန်း၊ ကိုယ်တော်ကို ပိုင်ဆိုင်ခွင့်တောင်းဖို့လာနေတုန်း၊ လူတွေ ကိုယ်တော်ကိုချီးမွမ်းခွင့်ပေးပါ။ ကျွန်တော်တို့အခုသီဆိုတုန်းမှာပဲ။ လက်တွေမြှောက်ပြီး၊ ကိုယ်တော်ကိုချီးမွမ်းဖို့ သီဆိုကြ၊ အခု၊ အားလုံးအတူတူ။

ကိုယ်တော်ကို ချီးမွမ်းပါမည်၊ ကိုယ်တော်ကို ချီးမွမ်းပါမည်၊

အပြစ်သားတို့အတွက် စီရင်ခြင်းခံရသော သိုးသငယ်ကို ချီးမွမ်းလော့။

209 ကိုယ်တော်ကို ချီးမွမ်းလိုက်ပါ! ဒီပတ်ဝန်းကျင်က လူတွေ၊ ဆုတောင်းပါ၊ သင့်ကိုလွှတ်ဖို့ ကိုယ်တော်ကို တောင်းလျှောက်ပါ။ ကိုယ်တော် ဒါကိုလုပ်ပေးလိမ့်မယ်။ သခင်ကြွလာပြီး သင့်ကိုခေါ်နေတယ်။ ဘုရားသခင် သင့်ကို ကောင်းချီးပေးပါစေ။

64-0213 ထိုအခါ ယေရှုကြွလာ၍ ခေါ်တော်မူ၏

အဲလ်လီယက်ခန်းမ

တူလာရီ, ကယ်လီဖိုးနီးယား အမေရိကန်ပြည်ထောင်စု

BURMESE

©2026 VGR, ALL RIGHTS RESERVED

VOICE OF GOD RECORDINGS

P.O. BOX 950, JEFFERSONVILLE, INDIANA 47131 U.S.A.

www.branham.org

မူပိုင်ခွင့် ကြေညာချက်

မူပိုင်ခွင့်အားလုံးရှိသည်။ ဤစာအုပ်ကို ကိုယ်ပိုင်အသုံးအတွက် သို့မဟုတ် ယေရှုခရစ်တော်၏ သာသနာကို ပြန့်ပွားစေရန် အခမဲ့ဖြန့်ဝေရန်အတွက် အိမ်တွင်းပရင်တာဖြင့် ပုံနှိပ်နိုင်သည်။ ဤစာအုပ်ကို ရောင်းချခြင်း၊ များပြားစွာမိတ္တူပေးခြင်း၊ ဝက်ဘ်ဆိုက်တွင်တင်ခြင်း၊ ဒေတာသိမ်းဆည်းမှုစနစ်တွင်သိမ်းဆည်းခြင်း၊ အခြားဘာသာစကားများသို့ဘာသာပြန်ခြင်း သို့မဟုတ် လှုဒါန်းငွေရှာဖွေရန်အတွက် အသုံးပြုခြင်းများကို Voice Of God Recordings® ၏ စာရေးဖြင့် ခွင့်ပြုချက်မရှိဘဲ မပြုလုပ်ရ။

နောက်ထပ်အချက်အလက်များသို့မဟုတ် ရရှိနိုင်သောအရာများအတွက် ကျေးဇူးပြု၍ ဆက်သွယ်ပါ။

VOICE OF GOD RECORDINGS
P.O. BOX 950, JEFFERSONVILLE, INDIANA 47131 U.S.A.
www.branham.org